# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ သောကြာနေ့ (11-2-2011) (ဖ၆၇၂)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော်  ဖေဖော်ဝါရီ  ၁၁**

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ် အာမက်ဒီနီဂျတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခဲ့ကြ

**မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခဲ့ကြပြီး ပြည်ပရန်စွယ်အသွယ်သွယ်ကို လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့သဖြင့် ''ပြည်ထောင်စုမြန်မာနိုင်ငံတော်'' တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ပါသည်။ ဤသို့ အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံတော်ကြီးကို ထူထောင်နိုင်သောကာလများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ အထူးပင် ရှင်သန်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။**

**သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလ၊ ပြည်ထောင်စုစိတ်ဓာတ် မေးမှိန်သည့်ကာလများတွင်မူ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဆုတ်ယုတ်လျော့ပါးခဲ့ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခံခဲ့ရသည်များ ရှိခဲ့ပါသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ❖ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

## အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော်  ဖေဖော်ဝါရီ  ၁၁**

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက် ရီဇာ ရာဟီမီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ်

## ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ရခိုင်ပြည်နယ်တစ်ခွင်

**ရထားလမ်းပိုင်းသစ်**

**ရခိုင်ပြည်နယ် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသစ်တွင် ခုတ်မောင်းနေသော ရထားတစ်စင်း။**

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက်ဘက်အစွန်းပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းသည်။ ရခိုင်၊ ဗမာ တိုင်းရင်းသားများနှင့် ချင်း၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန် စသည့် တိုင်းရင်းသားများ အတူတကွစုပေါင်းနေထိုင်ကြသည်။ ပင်လယ်ကမ်းရိုးတန်းနှင့် ရိုးမတောင်တန်းကြားတွင်တည်ရှိသော ပြည်နယ်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ရိုးမတောင်တန်းသည် အမြင့်ပေ ၃၀၀၀ ရှိကာ မြောက်ပိုင်းတွင်မြင့်ပြီး တောင်ပိုင်းသို့ နိမ့်ဆင်းသွားသည်။ နတ်မြစ်၊ မေယုမြစ်၊ ကစ္ဆပနဒီမြစ်စသည်တို့နှင့် မအီ၊ တန်းလွဲ၊ တောင်ကုတ်၊ **စာမျက်နှာ ၆ သို့❖**

၁၁-၂-၂၀၁၁
(သောကြာနေ့)

# မြန်မာ့ကျေးလက်တစ်ခွင် ဖွံ့ဖြိုးတိုးတက်စည်ပင်

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာ့ကျေးလက်တစ်ခွင်တွင် လမ်းဖွင့်ပွဲ၊ စက်ရေတွင်းဖွင့်ပွဲ၊ စာကြည့်တိုက်ဖွင့်ပွဲ၊ ကျောင်းဆောင်သစ်ဖွင့်ပွဲများ ကျင်းပလျက်ရှိသည်။

ပုလဲမြို့နယ် လဲကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ၊ တန့်ယန်းမြို့နယ် နားတပ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲတို့ကို ဇန်နဝါရီလ နှောင်းပိုင်းက ကျင်းပခဲ့သည်။ ကျေးလက်ဒေသနေ လူငယ်လူရွယ်များ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းနှင့် ဒေသခံပြည်သူများ၏ အသိအမြင် ဗဟုသုတ တိုးပွားရေး အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မင်းဘူးမြို့နယ် ရေမျက်ကျေးရွာအနီး ကျောက်တန်း-ကျွန်းပြား-နွယ်လိန်ကန် မြေသားလမ်းဖွင့်ပွဲ၊ ကန့်ဘလူမြို့နယ် ဇီးကုန်း-ကာဘိုး ကျေးလက်ကတ္တရာလမ်းဖွင့်ပွဲ၊ မကွေးမြို့နယ် သစ်ရာကောက်-မြင်စိုင်း ဂဝံလမ်းသစ်ဖွင့်ပွဲ၊ ရွှေကျင်မြို့နယ် မင်းလမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲ၊ ဝမ်းတွင်းမြို့နယ် ညောင်ပင်ရပ်ကွက်ပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲတို့ကို ဖေဖော်ဝါရီလဆန်းပိုင်းက ကျင်းပခဲ့သည်။

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်ခိုင်မာပြီး လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးလုပ်ငန်းများ ပါဝင်သည်။ ကျေးရွာချင်းဆက်သွယ်သည့်လမ်းများ၊ မြို့ပြနှင့်ကျေးလက်ဆက်သွယ်သည့်လမ်းများ တိုးချဲ့ဖောက်လုပ်ပေးမှုကြောင့် ကျေးလက်ပြည်သူများ သွားရေးလာရေး ပိုမိုလွယ်ကူလာသည်။ ဒေသထွက်ကုန် ရောင်းဝယ်တင်ပို့မှု ပိုမိုကောင်းမွန်လာနေပြီဖြစ်သည်။

ကျေးလက်ဒေသများ၌ တိုက်နယ်ပြည်သူ့ဆေးရုံသစ်များ၊ ဆေးကုသဆောင်များ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါမကူးစက်စေရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေးတို့အတွက် ကျေးလက်အရောက် ကျန်းမာရေးအသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပခုက္ကူမြို့နယ် ချိုင်ကျေးရွာနှင့် ကျတ်ထိုးကျေးရွာ စက်ရေတွင်းသစ်များ၊ ချောက်မြို့နယ် မြေစွန်း(အရှေ့)ကျေးရွာမှ စက်ရေတွင်းသစ်များကို ဖွင့်လှစ်ပေးခဲ့ရာ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အားထုတ်မှုအချို့ဖြစ်သည်။ ထို့အတူ ဆည်ကန်တမံငယ်များစွာကိုလည်း တည်ဆောက်ပေးလျက်ရှိရာ တောင်သူလယ်သမားများ ဆည်ရေအသုံးပြုစိုက်ပျိုးမှုနှင့် သန့်ရှင်းသော သောက်သုံးရေလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ မြန်မာ့ကျေးလက်တစ်ခွင် ပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင်လာမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မလေးရှားနိုင်ငံထုတ် စားအုန်းဆီအခြေခံထုတ်ကုန် ဆွေးနွေးပွဲနှင့် ကုန်ပစ္စည်းအရောင်းပြပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

Malaysia Palm Oil Council (MPOC), Felda Delima Oil Products Sdn Bhd နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သော Malaysia Palm Oil Base Product Seminar & Exhibition အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E Dato Mazlan Mohammad က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာနိုင်ငံ ဆီအုန်းလုပ်ငန်းရှင်များအကြောင်းနှင့် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ပူးပေါင်း၍ စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားကာ Malaysia Palm Oil Base Product Seminar & Exhibition ကို အောင်မြင်စွာဖွင့်လှစ်ပေးကြသည်။

ထို့နောက် Felda Delima Oil Products Sdn Bhd. မှ Factory Manager, Mr. Liew Chee Ping က အရည်အသွေးမြင့်မားစွာ စနစ်တကျထုတ်လုပ်ထားသော မုန့်လုပ်ငန်းသုံး Saji Bakery Fat နှင့် စပ်လျဉ်းသည့် အရည်အသွေး တိကျသေချာမှုနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်ကို မိတ်ဆက်ရှင်းလင်းပြသပြီး Felda Vegetable Oil Product မှ Senior Executive Director, Mr. Wan Mohd Zain က Felda ကုမ္ပဏီအကြောင်းကိုလည်းကောင်း၊ Myanmar

Marketing Research & Development ဌာနမှူး ဦးအောင်မင်းက မြန်မာနိုင်ငံ၌ စားသုံးဆီသုံးစွဲမှုနှင့် စပ်လျဉ်းသည့် သုတေသနပြုလုပ်တွေ့ရှိချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် Malaysia Palm Oil Councilမှ Deputy CEO Dr. Kalyana Sundram က Palm Oil သည် အခြေခံစားသောက်ကုန်အတွက် အသင့်တော်ဆုံး စားအုန်းဆီဖြစ်ခြင်း၊ မုန့်လုပ်ငန်းမျိုးစုံနှင့် စားသောက်ကုန်လုပ်ငန်းမျိုးစုံအတွက် အသင့်တော်ဆုံး စားအုန်းဆီဖြစ်ခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး မလေးရှားနိုင်ငံမှ ကျွမ်းကျင်သော စားဖိုမှူးကြီးများက အသုံးပြုပုံများကို လက်တွေ့သရုပ်ပြသချက်ပြုတ်ပြကြသည်။

မလေးရှားနိုင်ငံ Felda Delima Oil Products Sdn Bhd မှ ထုတ်လုပ်သော အရည်အသွေး မြင့်မားသည့် မုန့်လုပ်ငန်းသုံး Vegetable Ghee, Adela Margarine , Pelangi Margarine , Mariana Shortening, Mariana Pastry Margarine , Saji Bakery Fat များကို ကိုယ်စားလှယ်ရယူကာ ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဝယ်ယူအသုံးပြုလိုသည့် မုန့်လုပ်ငန်း ရှင်ကြီးများအနေဖြင့် Grand Wynn Enterprises Ltd. အမှတ် (၄၀) (၆၇) လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈ နှင့် Email:grandwyn @myanmar. com. mm တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato Mazlan Mohammad အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမင်းအား အစမ်းခန့်ကာလ ၁ နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**အဌမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း အဖွင့်အမှာစကားပြောကြားစဉ်။**
(တိုင်း/ကျန်းမာ)

**နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ပဉ္စမတန်းအင်္ဂလိပ်စာ ထူးချွန်ဆုရရှိသော မောင်ရန်လင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။**
( သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၁-၂-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ နိုင်ငံတော်သီချင်း
၇း၁၀ ၃။ တရားတော်
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ ဦးတည်ချက် (၁၂)ရပ်
၈း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၂၀ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၂၁ ၁၄။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ နိုင်ငံတော်သီချင်း
၄း၁၀ ၃။ အဖွင့်သီချင်း
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၇။ အိုင်စီတီသုတ
၄း၅၅ ၈။ အားလုံးရဲ့တာဝန်
၅း၁၀ ၉။ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (မြန်မာစာ)
၅း၂၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -အေးချမ်းသောသဘာဝမြေ (အပိုင်း-၁)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဦးတည်ချက်(၁၂)ရပ်
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ စိုက်ပျိုးသုတ
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၀)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

# မကွေးကောလိပ်(၁၉၆၄-၁၉၇၆) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မကွေးကောလိပ် (၁၉၆၄-၁၉၇၆)ခုနှစ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲသို့ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကန်တော့ခံကြွပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် အာစရိယပူဇော်ပွဲ ကျင်းပရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

# ဗဟုသုတရှာမှီးရာ နိုင်ငံတကာအဆင့်မီ ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် တောတွင်းတိရစ္ဆာန်များ၏ သဘာဝကို သဘာဝကျကျ အနီးကပ်လေ့လာနိုင်

သတင်းဆောင်းပါး
ပြိုးစန္ဒာမြင့်၊ မာမာစိုး
သတင်းဓာတ်ပုံ
ခင်မောင်ဝင်း(ကြေးမုံ)

**နိုင်ငံတကာအဆင့်မီ ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်ဟုသိရ၍ ကြေးမုံသတင်းအဖွဲ့က ပြည်သူများအား တင်ပြအသိပေးနိုင်ရန် သွားရောက်လေ့လာမေးမြန်းခဲ့သည်။**

ဆာဖာရီဥယျာဉ် (နေပြည်တော်)သည် ရန်ကုန်-မန္တလေးကားလမ်းဘေး မိုင်တိုင်အမှတ်(၂၅၇/၀)တွင်တည်ရှိပြီး ၂၉၁ ဒသမ ၅၂ ဧက ကျယ်ဝန်းသော မြေပေါ်တွင် ယခင်တည်ဆောက်ပြီးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)တို့၏ မြောက်ဘက်တွင် ဆက်စပ်တည်ရှိကာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ဘေးချင်းယှဉ်လျက် နိုင်ငံတကာအားကစားကွင်း၊ တပ်မတော် စစ်သမိုင်းပြတိုက်တို့နှင့် တစ်ဆက်တစ်စပ်တည်း ရှိသည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာနမှ ကြီးကြပ်လျက် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် စတင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး အချိန်တိုအတွင်း မှာပင် နိုင်ငံတကာအဆင့်မီဥယျာဉ်တစ်ခုအဖြစ် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)သည် ပြည်သူများ အပန်းဖြေအနားယူနိုင်ရုံသက်သက်မဟုတ်ဘဲ မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအချို့မှ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားမှု သဘာဝများကို တွေ့မြင်ဗဟုသုတရစေနိုင်ရန်၊ နိုင်ငံအသီးသီးရှိ ရှားပါးတိရစ္ဆာန်အချို့ကို မျိုးမသုဉ်းစေရန်၊ ထိန်းသိမ်းမွေးမြူရန်နှင့် လူသားတို့နှင့် သဘာဝတောတောင်တို့ အပြန်အလှန်အကျိုးပြုမှုများကို လေ့လာနိုင်ရန်ရည်ရွယ်၍ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)နှင့် ပတ်သက်၍ မိမိတို့ သိလိုသည်များကို မေးမြန်းကြည့်ခဲ့ရာ တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက "နိုင်ငံတကာအဆင့်မီ ဆာဖာရီတစ်ခု ဖြစ်လာစေရန်၊ ဥယျာဉ်အတွင်းကို ဝင်လိုက်သည်နှင့် စိမ်းစိမ်းစိုစိုနှင့် တောအုပ်ကြီးအတွင်း တကယ်ရောက်ရှိသွားသည့် အလား ခံစားမှုမျိုးပေးနိုင်ရန်နှင့် တောရိုင်းတိရစ္ဆာန်တို့၏ အလေ့အထကို ပြုပြင်ခြင်းမရှိဘဲ သဘာဝအတိုင်း တွေ့ရှိခံစားနိုင်ရန် ရည်ရွယ်ပြီး သစ်ပင်ပေါင်း နှစ်သောင်းရှစ်ထောင်ကျော်ကို စိုက်ပျိုးပြုစုထားပါကြောင်း"ဟု ရှင်းပြသည်။

**အာဖရိက ဆာဖာရီပြကွက်မှ ဘို့တစ်လုံးကုလားအုတ်များကို တွေ့ရစဉ်။**

ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် အာဖရိကနှင့် ဩစတြေးလျမှ ရှားပါးမျိုးစိတ်များဖြစ်သော သားပိုက်ကောင်၊ သစ်ကုလားအုတ်၊ ငှက်ကုလားအုတ်၊ ကြံ့ဖြူ၊ မြင်းကျား၊ ဆိတ်သမင်၊ ဘို့တစ်လုံးကုလားအုတ်၊ ခြင်္သေ့၊ အာဖရိကသမင်(အင်ပါလာ) စသည့် ကမ္ဘာ့နိုင်ငံအချို့မှ တိရစ္ဆာန်အမျိုးပေါင်း ၁၆ မျိုး ပါဝင်ကာ စုစုပေါင်း ၂၀၆ ကောင်ရှိပြီး အဆိုပါ ရှားပါးမျိုးစိတ်များကို ပြည်ပနိုင်ငံများမှ စင်းလုံးငှားလေယာဉ်ဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)တွင် အဓိကအားဖြင့် ပြကွက်ကြီးသုံးခု ခွဲခြားထားသည်။ အဝင်ပလာဇာမှ ဝင်လျှင် ဝင်ချင်း ပထမဆုံးမြင်တွေ့ရမည့်ပြကွက်မှာ အာရှဆာဖာရီပြကွက်ဖြစ်သည်။ အာရှဆာဖာရီပြကွက်သည် ၃၅ ဒသမ ၁၀ ဧကကျယ်ဝန်းပြီး နွားနောက် ရှစ်ကောင်၊ ဆတ်အကောင် ၃၀၊ ချေသမင် အကောင် ၃၀၊ ဒရယ် ၅၀၊ သမင် ရှစ်ကောင်နှင့် ဒေါင်းခုနစ် ကောင် စုစုပေါင်း ၁၃၃ ကောင်၏ သဘာဝလေ့စရိုက်များကို တွေ့ရမည်ဖြစ်သည်။

အာရှဆာဖာရီပြကွက်မှ ခရီးဆက်လာလျှင် ဧရိယာ ၃ ဒသမ ၅၃ ဧကရှိသော ဩစတြေးလျဆာဖာရီပြကွက်၌ ဟော်လန်နိုင်ငံမှတင်သွင်းသော သားပိုက်ကောင်ခြောက်ကောင်နှင့် သားပိုက်ကောင်(အသေး) ၁၀ ကောင် စုစုပေါင်း ၁၆ ကောင် ပြသထားသည်။

ထိုမှခရီးဆက်လာလျှင် အကြီးဆုံးပြကွက်ဖြစ်သော ဧရိယာ ၅၉ ဒသမ ၆၄ ဧက အကျယ်ရှိ အာဖရိကဆာဖာရီပြကွက်ကို လေ့လာနိုင်မည်ဖြစ်သည်။ ထိုပြကွက်သည် တိရစ္ဆာန်အကောင်ကြီး အရေအတွက် အများဆုံးပါဝင်သော ပြကွက်တစ်ခုလည်းဖြစ်သည်။ အာဖရိကဆာဖာရီပြကွက်တွင် ခြင်္သေ့ ကိုးကောင်၊ ကျားခြောက်ကောင်၊ ကုလားအုတ် ခြောက်ကောင်၊ ဆိတ်သမင် ခြောက်ကောင်၊ ကြံ့ဖြူ ခြောက်ကောင်၊ ငှက်ကုလားအုတ် ၁၀ ကောင်၊ သစ်ကုလားအုတ် ရှစ်ကောင်၊ မြင်းကျား ခြောက်ကောင် စုစုပေါင်း ၅၇ ကောင်ကို ၎င်းတို့၏ သဘာဝများအတိုင်း လေ့လာနိုင်သည်။

**ဆာဖာရီဥယျာဉ်အတွင်းရှိ ချေသမင်များ၏အလှ။**

ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို ပြည်သူများ ဝင်ရောက်လေ့လာရာတွင် ဝင်ကြေးနှုန်းထားများအနေဖြင့် လူကြီး ငွေကျပ် ၁၀၀၀၊ ကလေး ငွေကျပ် ၅၀၀ နှုန်းဖြစ်ပြီး ယာဉ်စီးခနှုန်းမှာ ငွေကျပ် ၁၀၀၀ ဖြစ်သည်။ သီးသန့်လည်းပတ်လိုသူများအနေဖြင့် လူ ၂၉ဦးဆံ့ ယာဉ်တစ်စီးလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ပုတ်ပြတ်ငှားရမ်းနိုင်သည်။ လေ့လာသူများအနေဖြင့် ဥယျာဉ်အတွင်းသို့ ဝင်ရောက်ရာတွင် အဝင်မုခ်ဦးတွင် စီစဉ်ပေးထားသော ဘာဂီများဖြင့်သာ ဝင်ရောက်လေ့လာနိုင်ပြီး ကျားနှင့် ခြင်္သေ့ပြကွက်များတွင်မူ လုံခြုံရေးအတွက် ရာနှုန်းပြည့်စိတ်ချနိုင်ရန် စီစဉ်ထားသောအထူးပြုလုပ်ထားသည့် မီနီဘတ်စ်များဖြင့်သာ ဝင်ရောက်လေ့လာနိုင်သည်။ ပြည်သူအများ သိရှိလိုသည်များကို မေးမြန်းနိုင်ရန်အတွက် ယာဉ်တစ်စီးလျှင် လမ်းညွှန်(Guide)တစ်ယောက်စီ ပါဝင်မည်ဖြစ်သည်။

**အာဖရိကဆာဖာရီပြကွက်မှ ငှက်ကုလားအုတ်များ အစာရှာ ထွက်နေကြစဉ်။**

ဆက်လက်၍ လှုပရှုမောဖွယ်အတိ ဖြစ်သော ငါးပြတိုက်သို့ ဆက်လက်လေ့လာဖြစ်သည်။ ငါးပြတိုက်အနီးတွင် ကလေးကစားကွင်းအသစ်တစ်ခု ထပ်မံတည်ဆောက်ထားရှိပြီး တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်း၌ပင် တည်ရှိသည်။ ကားပေါ်မှဆင်းလျှင် အကျယ် (၅၀×၄၀×၅)ပေ ရှိသော ငါးမွေးကန်ကို လှပတင့်တယ်စွာ တွေ့မြင်နိုင်ပြီး အကျယ် ၉၄ ပေရှိသော ငါးပြတိုက်အဝင်မုခ်ဦး ဘေးတစ်ဖက်တစ်ချက်ရှိ ရေကန်အတွင်း၌ ရောင်စုံငါးကြင်းလေးများ မြူးထူးနေသည်ကို လှပစွာ တွေ့မြင်ကြရမှာဖြစ်သည်။ ပြတိုက်အတွင်း ထူးခြားဆန်းပြားသည့် ငါးအမျိုးပေါင်း ၄၄ မျိုး၊ ငါးအကောင်ရေ ၁၃၈၁ ကောင်ကို ငါးကန် ၅၁ ကန်ဖြင့် ပြသထားသည်ကို ကြည့်ရှုလေ့လာနိုင်သည်။

ဤဥယျာဉ်သို့ လာရောက်လည်ပတ်လေ့လာကြသည့် ကလေးသူငယ်များ လွတ်လပ်ပျော်ပါးစွာ ကစားနိုင်ရန်အတွက် ငါးပြတိုက်၏ဘေးတွင် ပြည်ပမှ မှာယူတင်သွင်းထားသည့် ခေတ်မီ အဆင့်မြင့် ကလေးကစားကွင်း တစ်ကွင်းကိုလည်း တွေ့ရသည်။

ထို့နောက် လူအများ စိတ်ဝင်စားကြသည့် စကြဝဠာကြီးအတွင်းရှိ နက္ခတ်တာရာများအကြောင်းကို လေ့လာနိုင်ရန် နက္ခတ်တာရာပြခန်းသို့ ရောက်ရှိခဲ့ကြသည်။ နက္ခတ်တာရာပြခန်းတွင် ဇာတ်လမ်းပေါင်း ၂၀ ကျော်ကို ပြသလျက်ရှိသည့်အပြင် ပြည်သူများဗဟုသုတရရှိစေရေးအတွက် တင်ဆက်ပြသသွားမည့် နိုင်ငံခြားမှ အသစ်ထပ်မံဝယ်ယူထားသည့် လျှို့ဝှက်နက်နဲသည့် နေမင်းကြီး၏အကြောင်းနှင့် အာဖရိက ဆရင်ဂတ်တီ လွင်ပြင်မှ တောရိုင်းတိရစ္ဆာန်များအကြောင်း ရိုက်ကူးပြသထားသည့် ဇာတ်ကားများကို ကြည့်ရှုလေ့လာခဲ့ရသည်။ ထိုဇာတ်ကားများကို စနေ၊ တနင်္ဂနွေရက်များတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆာဖာရီဥယျာဉ်အတွင်းတွင် တိရစ္ဆာန်တို့နေထိုင်ရာ နေရာများကို သဘာဝနှင့် အနီးစပ်ဆုံးဖြစ်အောင် ကျောက်တောင်များ၊ လိုဏ်ဂူများ၊ သစ်ပင်များ၊ ရေကန်ငယ်များဖြင့် သာယာလှပအောင် ဖန်တီးပေးထားသည်။ ပြကွက်တစ်ခုနှင့် တစ်ခုစီကို ခြံစည်းရိုးများဖြင့် ခြားပေးထားပြီး ကျားနှင့် ခြင်္သေ့ပြကွက်တွင် စည်းရိုးမှာ နှစ်ထပ် ကာရံပေးထားသဖြင့် ယင်းပြကွက်တွင် ခြံစည်းရိုး ငါးထပ်၊ ကြံ့ဖြူတွင် ခြံစည်းရိုးလေးထပ်နှင့် အခြားတိရစ္ဆာန်များ (ဥပမာ- ခြင်္သေ့၊ ကျား၊ ကြံ့ဖြူ စသည့်)တို့တွင် Hot Wire လေးလိုင်းအပြင် CCTV များ တပ်ဆင်၍ အများပြည်သူတို့၏ လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားသည်။

ဆက်လက်၍ ဆာဖာရီဥယျာဉ်(နေပြည်တော်)အတွက် ရှားပါးမျိုးစိတ်များကို ပြည်ပမှ ထပ်မံမှာယူတင်သွင်းသွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

ဥယျာဉ်အတွင်း၌ တိရစ္ဆာန်များ၊ အပင်များ၊ ငါးပြတိုက်၊ နက္ခတ်တာရာပြခန်းများဖြင့် ဗဟုသုတရှာမှီးလိုသူများအဖို့ လေ့လာစရာများမကုန်နိုင်သည့် ဗဟုသုတဇုန်တစ်ခုဖြစ်သော၊ တိရစ္ဆာန်များ၏ တောတွင်းသဘာဝများကို သဘာဝကျကျ အနီးကပ် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သော ဆာဖာရီဥယျာဉ်(နေပြည်တော်)သို့ ဖွင့်ပွဲအကြိုသွားရောက်လေ့လာ၍ ဂုဏ်ပြုရေးသား တင်ပြလိုက်ပါသည်။ ။

**အာဖရိကဆာဖာရီပြကွက်မှ ကြံ့ဖြူများကို တွေ့ရစဉ်။**

## ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးအမှု (၂၇၀) တရားခံ (၃၉၈)ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၀ ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၂ မှု အလေးချိန် ၁၄၂ ဒသမ ၂၄၁၇ ကီလို၊ဘိန်းဖြူ ၉၃ မှု အလေးချိန် ၁၇ ဒသမ ၉၉၂၆ ကီလို၊ ဘိန်းဆီ ၁၃ မှု အလေးချိန် ၁ ဒသမ ၅၂၈၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၈မှု အလေးချိန် ၁၅ ဒသမ ၇၈၄၄ ကီလို၊ဆေးခြောက် ၁၇ မှု အလေးချိန် ၉ ဒသမ ၈၆၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈မှု ၁၁၂၉၈၉ ပြား၊ ဘိန်းစာမှုန့် ၆ မှု အလေးချိန် ၀ ဒသမ ၈၀၈ ကီလို ၊ဘိန်းရည် တစ်မှု အလေးချိန် ၄ ဒသမ ၁၇၇ လစ်တာ၊ ဗိုလမ် တစ်မှု ၂၇၀၀၀ပြား၊ အိုက်(စ်) တစ်မှု အလေးချိန် ၀ ဒသမ ၉ ကီလို၊ ကတ်တမင်း အလေးချိန် ၁ ဒသမ ၄ လစ်တာ၊ ကဖင်း အလေးချိန် ၃၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အမှုပေါင်း ၂၇၀ ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၂၂ ဦး၊ မ ၇၆ ဦး စုစုပေါင်း တရားခံ ၃၉၈ ဦးအား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# KMD အရောင်းစင်တာများ၌ Road Show အထူးဈေးရောင်းပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

KMD Sales & Service ၏ Special Sales Road Show ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အလယ်ဘလောက်ရှိ KMD Sales Centre (ပန်းဆိုးတန်းဆိုင်ခွဲ)၊ မြေနီကုန်း မဟာမြိုင်ကားမှတ်တိုင်အနီးရှိ (မြေနီကုန်းဆိုင်ခွဲ)နှင့် ဘားလမ်းအပေါ်ဆုံးဘလောက်ရှိ (ဘားလမ်းဆိုင်ခွဲ)များ၌ ကျင်းပမည်ဖြစ်သည်။ Road Show တွင် နာမည်ကြီး Lenovo, Acer, HP, Dell, Compaq စသော Brand အစုံနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် Apple မှ ထုတ်လုပ်သော iPod, iPad, MacBook, Mac Book Pro, MacBook Air တို့နှင့် Apple Accessories များကိုလည်း ရောင်းချမည်ဖြစ်သည်။

အထူးဈေးရောင်းပွဲတော်တွင် နုတ်ဘုတ်အများအပြားကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ရာ P6200 Processor, 2GB DDR3, 500GB HDD, Modern, IMR များပါဝင်သော Prolink SW9 Notebook၊ Processor P6200, 2GB DDR3, 500GB HDD Bluetooth ပါဝင်သော Acer 4738z Notebook နှင့် P6200 Processor, 1GB DDR3, 500GB HDD တို့ပါဝင်သော Lenovo G460L Notebook တို့ကို ငွေကျပ် ၃၉၀၀၀၀ ဝန်းကျင်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး Graphic စွမ်းရည်အသုံးချရန် လိုအပ်သူများအဖို့ Graphic Card 512MB ပါဝင်သော Lenovo G460 Notebook ကို ငွေကျပ် ၄၃၀၀၀၀ ဝန်းကျင်ဖြင့်လည်းကောင်း၊ Graphic Card 1GB ပါဝင်သော Acer 4741G Core i3 Notebook ကိုငွေကျပ် ၅၈၀၀၀၀ ဝန်းကျင်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

IMR (Internal Mold Release) နည်းပညာဆိုသည်မှာ လူတို့၏လက်များမှတစ်ဆင့် ကူးစက်တတ်သော ဘက်တီးရီးယားများကို အလွယ်တကူ ကပ်ငြိခြင်းမရှိဘဲ ဖယ်ရှားပေးနိုင်ခြင်း၊ အမြဲတမ်း သစ်လွင်တောက်ပြောင်နေခြင်းကြောင့် အလွယ်တကူ ဟောင်းနွမ်းသွားသည့်ပုံ မပေါက်ခြင်းနှင့် အခြစ်ရာအဆင်းရာ ထင်နိုင်မှုနည်းပါးအောင် အထူးဖော်စပ်ထားသည့် ပလတ်စတစ် အသားတစ်မျိုးဖြစ်သည်။ နုတ်ဘုတ် ဝယ်ယူသူများအတွက် Mouse, Keyboard Cover, Free Training Coupon, Notebook Caseများကို လက်ဆောင်ပေးအပ်သွားမည့်အပြင် ငွေကျပ် ၃၀၀၀မှ ၁၅၀၀၀တန် ဈေးဝယ် ကူပွန်များကိုလည်း ဗလာမပါ ကံစမ်းမဲနှိုက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ကွန်ပျူတာဝယ်ယူသူတိုင်းကိုလည်း ငွေကျပ် ၈၀၀၀တန် ပစ္စည်းအာမခံ တစ်နှစ်ခွဲပါဝင်သော Verbatim 4G Pen Driveကို ငွေကျပ် ၄၅၀၀ တည်းဖြင့် ရောင်းချပေးသွားမည့်အပြင် ငွေကျပ် ၇၅၀၀တန် Microlab B-18 Speakers ကို ငွေကျပ် ၅၅၀၀ တည်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ KMD Education Centre အနေဖြင့်လည်း ထိုနေ့တွင် သင်တန်းများကို ၂၅ ရာခိုင်နှုန်း လျှော့၍ လက်ခံပေးသွားမည်ဖြစ်ပြီး International Diploma သင်တန်း (IDCS) အတွက်လည်း သင်တန်းကြေး သုံးသောင်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်သည်။

အသေးစိတ် စုံစမ်းသိရှိလိုပါက KMD Sales & Service Centre ဖုန်း ၅၀၃၅၂၂၊ ၃၈၅၁၇၇နှင့် ၅၀၃၅၂၂ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီရန် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီအက်ဘာဆာလီဟီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

**ဘိုးဘွားမိဘကျေးဇူးရှင်များနှင့် သားကြီးကိုဇာနည်မောင်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးဇင်မြင့် (ဘကြီးဇင်) မိသားစုက နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ထာဝရဆေးနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့တွဲဖက် အတွင်းရေးမှူး ဦးမောင်မောင်ကြီး လက်ခံစဉ်။** (သတင်းစဉ်)

# ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက အလောင်းမင်းတရား စာအုပ်ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနသည် သုတေသနပြု၍ ရေးသားပြုစုထားသော စာအုပ်များကို

စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိရာ ယခု မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါ်အုန်းကြည်၏"အလောင်းမင်းတရား" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။**(ဝဲပုံ)**

အလောင်းမင်းတရားသည် နိုင်ငံစည်းရုံးသိမ်းသွင်းရေးအတွက် တိုက်ပွဲများဆင်နွှဲရင်းနိုင်ငံချဲ့ထွင်ရေး၊ စစ်ပွဲများဆင်နွှဲရင်းအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သာသနာဖွံ့ဖြိုးတိုးတက်ရေးများကိုလည်း ဆောင်ရွက်ခဲ့သည်။ ကုန်းဘောင်ခေတ် အုပ်ချုပ်ရေးနှင့် စီးပွားရေး အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့သည့်အပြင် ထိုအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆောင်ရွက်ချက်များ၊ သာသနာစည်ပင်ထွန်းကား သန့်စင်အောင် ဆောင်ရွက်ချက်များကိုလည်း တစ်စုတစ်စည်းတည်း လေ့လာနိုင်သည်။ အလောင်းမင်းတရားနန်းသက် ရှစ်နှစ်အတွင်း (၁၇၅၂-၁၇၆၀) နိုင်ငံသိမ်းသွင်းရေး စစ်ပွဲများ၊ နိုင်ငံချဲ့ထွင်ရေးစစ်ပွဲများ အဆက်မပြတ်ဆင်နွှဲ နေရသည့်ကြားက သိမ်းသွင်းပြီး မြို့ရွာများ ငြိမ်ဝပ်ပိပြားရန်၊ လုံခြုံရန်၊ အုပ်ချုပ်ရေးစနစ်ကျရန်၊ စီးပွားရေးဖွံ့ဖြိုးရန်၊ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးစည်ပင်ရန်၊ သာသနာထွန်းကားရန် ဆောင်ရွက်နိုင်ခဲ့သည့် အလောင်းမင်းတရား၏ စွမ်းရည်သတ္တိကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်သည်။

သမိုင်းသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် စာအုပ်များနှင့် မြန်မာသမိုင်းသုတေသနစာစောင်များသည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများနှင့် သမိုင်းဘာသာရပ်တွင် သမိုင်းဘွဲ့ယူရန် ကြိုးပမ်းနေကြသော သမိုင်းကျောင်းသား၊ ကျောင်းသူများအတွက်လည်း မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်ကောင်း တစ်အုပ်ဟု ဆိုရမည်ဖြစ်သည်။

၎င်းစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်၌လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅)၌ လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၂၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် နေပြည်တော် ရုံးအမှတ် (၃၅) ဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ဖက်စ် ၀၆၇-၄၀၈၃၈၄နှင့် ရန်ကုန်အမျိုးသားပြတိုက် သမိုင်းသုတေသနဦးစီးဌာန ဖုန်း -၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၆၊ ၃၉၅၁၉၃နှင့် ဖက်စ်-၃၉၅၁၉၅တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

သမိုင်းသုတေသနဦးစီးဌာနက ယခင်က ထုတ်ဝေခဲ့သည့်စာအုပ်များနှင့် မြန်မာသမိုင်းသုတေသန စာစောင်များကိုလည်း အထက်ပါ လိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အီရတ်အစိုးရစီမံကွပ်ကဲသော အကျဉ်းစခန်းတစ်ခု။**

# အီရတ်အကျဉ်းထောင်များ၌ မတရားညှဉ်းပန်းမှုများ ဆက်လက်ဖြစ်ပွားဖွယ်ရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၀

**အစိုးရအဖွဲ့အပြောင်းအလဲရှိခဲ့သော်လည်း အီရတ်နိုင်ငံတွင်းရှိ အကျဉ်းထောင်များ၌ ဖြစ်ပွားလျက်ရှိသော အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုများသည် ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အမ်နက်စတီ)၏ အစီရင်ခံစာတွင် ဖေဖော်ဝါရီ ၈ ရက်က ဖော်ပြထားသည်။**

အီရတ်အစိုးရ၏ စီမံခန့်ခွဲမှုအောက်၌ရှိသော အကျဉ်းထောင် အချုပ်ခန်းများကို အကျဉ်းသားများအား စနစ်တကျ ညှဉ်းပန်းနှိပ်စက်ရာတွင် သုံးသောနေရာများအဖြစ် စာမျက်နှာ ၁၂မျက်နှာပါ အမ်နက်စတီအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြသည်။

အမ်နက်စတီအဖွဲ့၏ အစီရင်ခံစာပါ အချက်အလက်များကို အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ၏ ပြောရေးဆိုခွင့်ရှိသူက တုံ့ပြန်ပြောကြားခြင်းမရှိသေးပေ။

အီရတ်နိုင်ငံရှိ အကျဉ်းထောင်များအတွင်း ဖမ်းဆီးထိန်းသိမ်းထားသော အကျဉ်းသားဦးရေသည် လက်ရှိကာလ၌ အမျိုးသားနှင့် အမျိုးသမီး ၃၀၀၀၀ ရှိကြောင်း ခန့်မှန်းရပြီး ၁၃၀၀ခန့်မှာ သေမိန့်ချမှတ်ခံထားရသူများဖြစ်သည်။

အကျဉ်းသားများကို နှိမ့်ချဆက်ဆံ၍ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုများကို တားမြစ်ရေးအတွက် ညှဉ်းပန်းနှိပ်စက်မှုပိတ်ပင်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတစ်ရပ်၌ ပါဝင်လက်မှတ်ထိုးရန် ၂၀၀၈ ခုနှစ်တွင် အီရတ်ပါလီမန်က သဘောတူညီခဲ့သည်။ သို့ရာတွင် လက်တွေ့အားဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိပေ။

ညှဉ်းပန်းနှိပ်စက်မှု ပိတ်ပင်ရေးဆိုင်ရာ ကုလသမဂ္ဂစာချုပ်ကိုအတည်ပြုရန် အီရတ်ပါလီမန်က စီမံခဲ့သော်လည်း အီရတ်ပြည်တွင်းရေးအခြေအနေအား ထိန်းသိမ်းရန် အလျင်စလို လုပ်ဆောင်နေရသဖြင့် ယင်းစာချုပ်ဘက်သို့ ဦးမလှည့်နိုင်သေးကြောင်း ပါလီမန်အမတ်တစ်ဦးကဆိုသည်။ ***အေပီ။***

# အနောက်အာဖရိကသို့စစ်သင်္ဘောစေလွှတ်မှု တောင်အာဖရိက ဝေဖန်ခံရ

အဘူဂျာ ဖေဖော်ဝါရီ ၁၀

**ဒေသတွင်း အဖွဲ့အစည်းတစ်ရပ်ဖြစ်သော အနောက်အာဖရိကနိုင်ငံများ စီးပွားရေးဘုံအဖွဲ့ (အီးစီအို ဒဗလျူအေအက်စ်) က အိုင်ဗရီကို့စ်နိုင်ငံ၌ နိုင်ငံရေး မငြိမ်မသက်ဖြစ်နေချိန်တွင် ယင်းဒေသသို့ စစ်သင်္ဘောတစ်စင်းစေလွှတ်ခဲ့သော တောင်အာဖရိကနိုင်ငံကို ဝေဖန်ခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်ကသတင်းများတွင် ဖော်ပြသည်။**

သို့ရာတွင် အိုင်ဗရီကို့စ် နိုင်ငံရေးအခြေအနေကို မျှမျှတတ ဆွေးနွေးအဖြေရှာရေးအတွက် ကမ်းလှမ်းမှုပြုရန် အဆိုပါစစ်သင်္ဘောကို စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိက အစိုးရက အင်္ဂါနေ့တွင် ပြောကြားသည်။

အိုင်ဗရီကို့စ် နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ရေးနှင့် ပတ်သက်၍ အာဖရိကနိုင်ငံများအကြား သဘောထားကွဲလွဲမှုပေါ်ပေါက်နေစဉ်တွင် တောင်အာဖရိကနိုင်ငံက အနောက်အာဖရိကရေပြင်သို့ စစ်သင်္ဘောစေလွှတ်ခဲ့ခြင်းဖြစ်သည်။

အနောက်အာဖရိကနိုင်ငံများ စီးပွားရေးဘုံအဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တော်၌ ရုံးစိုက်ပြီး အဖွဲ့ဝင် နိုင်ငံ ၁၅နိုင်ငံ ပါဝင်ပြီး ၁၉၇၅ ခုနှစ် မေ ၂၈ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ***အေပီ။***

# ကားဗုံးပေါက်ကွဲမှုများကြောင့် အီရတ်၌ ရှစ်ဦးသေဆုံး၍ ၁၀၄ဦးဒဏ်ရာရ

**ဆူလ်လိုင်မန်နီးယား ဖေဖော်ဝါရီ ၁၀**

အီရတ်နိုင်ငံမြောက်ပိုင်း ကာကွတ်မြို့၌ ဗုဒ္ဓဟူးနေ့က တစ်ပြိုင်တည်းလိုလို ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံး ရှစ်ဦးသေဆုံးပြီး ၁၀၄ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ကားဗုံးပေါက်ကွဲမှုများသည် အီရတ်ဆွန်နီစစ်သွေးကြွအုပ်စုတစ်စုဖြစ်သော အန်ဆာအယ်လ် အစ္စလာမ်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း အီရတ်တာဝန်ရှိသူများက စွပ်စွဲပြောကြားသည်။

ကားဗုံးပေါက်ကွဲမှုများဖြစ်ပွားရာကာ့ဒ်ပြည်နယ်ကာကွတ်မြို့သည် အီရတ်ဗဟိုအစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာ့ဒ်ဒေသအကြား ပိုင်ဆိုင်မှုအငြင်းပွားရာဒေသတစ်ခုဖြစ်သည်။

ပထမဆုံး ကားဗုံးပေါက်ကွဲမှုသည် ကာ့ဒ်ပြည်နယ်လုံခြုံရေးဌာနချုပ် အဆောက်အအုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒုတိယကားဗုံးပေါက်ကွဲမှုသည် ယင်းနေရာအနီး၌ပင် ထပ်မံဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

တတိယကားဗုံးပေါက်ကွဲမှုသည် ကာ့ဒ်ပြည်နယ်ရဲတပ်ဖွဲ့အကြီးတန်းတာဝန်ရှိသူတစ်ဦး၏ ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ***အေပီ။***

**အီရတ်နိုင်ငံ ကာကွတ်မြို့၌ ဖေဖော်ဝါရီ ၉ ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသော အဆောက်အအုံကို မီးငြှိမ်းသတ်နေစဉ်။**

# ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း သရီရဓာတုပဝါဟန ပူဇာသဘင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**ဘဝနတ်ထံ ပျံလွန်တော်မူသော နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း သရီရဓာတုပဝါဟန ပူဇာသဘင်ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။**

ရှေးဦးစွာ သရီရဓာတ်ပြာတော် အရိုးများ ပင့်ဆောင်ခြင်း အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် ပဲခူးမြို့ ရွှေအောင် ရွှေဘုရားကုန်းမြေရှိ လောင်တိုက်တော်၌ ကျင်းပရာ "သဗ္ဗေသင်္ခါရာအနိစ္စာတိ" အစချီသော သံဝေဂ သုံးဂါထာရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်က ဓာတုပဝါဟန ပူဇာသဘင်ဆင်ယင်ကျင်းပ ပူဇော်ခွင့်ပြုတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ယင်းနောက် သရီရဓာတ်ပြာတော် ရတနာရွှေအိုး၊ ငွေအိုးများကို ကရဝိက်ယာဉ်ပေါ်သို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကြခတ်ဝိုင်းစာသင်တိုက် ဒုတိယနာယက အဂ္ဂမဟာမဏ္ဍိတ ဘဒ္ဒန္တဥေယျ ဓမ္မာဘိဝံသနှင့် ဝင်းနိမ္မိတာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး၏ တပည့်သံဃာတော်များက ပင့်ဆောင်ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား လောင်တိုက်တော်မှ ဝေါမြို့နယ်ရှိ စစ်တောင်းတံတား (မုပ္ပလင်) အနီး ဆိပ်ကမ်းရှိ မဏ္ဍပ်တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် ဓာတုပဝါဟန ပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်ခွင့်ပြုပါရန် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်က "အဘိယာစနနိမန္တန" ဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကြခတ်ဝိုင်းစာသင်တိုက် ဒုတိယနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေယျ ဓမ္မာဘိဝံသက သရီရဓာတ်ပြာ ရတနာရွှေယွန်းအုပ်တော်ကို ပင့်ဆောင်ပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက သရီရဓာတ်ပြာရွှေအိုး၊ ငွေအိုးများကို အသင့်ဆိုက်ကပ်ထားသော နတ်ပန်းရထားရေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား ပင့်ဆောင်လာသော နတ်ပန်းရထား ရေယာဉ်သည် ရေယာဉ်တန်းများခြံရံလျက် စစ်တောင်းမြစ်အတွင်း သတ်မှတ်နေရာအရောက်၌ ဆရာတော် သံဃာတော်များ ဦးဆောင်ကာ ဝတ်အသင်းအဖွဲ့များက "အနိစ္စာဝတသင်္ခါရာ" အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆို၍ သံဝေဂဉာဏ် ပွားများတော်မူကြပြီး ဆရာတော် သံဃာတော်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား စစ်တောင်းမြစ်အတွင်း ရေမျှောပူဇော်ကြကာ သရီရဓာတုပဝါဟန ပူဇာသဘင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ရေမျှော ပူဇော်**

**နိုင် ငံ တော် ဩဝါဒါစရိယ ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဘဒ္ဒန္တဇောတိပါလ၏ သရီရ ဓာတ်ပြာတော် များ အား စစ် တောင်း မြစ်အတွင်း ရေမျှော ပူဇော်ကြစဉ်။**

(သတင်းစဉ်)

**နတ္တလင်းမြို့နယ် အသင်း(ရန်ကုန်) ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။**

(၁၉)

## နတ္တလင်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

(၅၅) နှစ်မြောက် နတ္တလင်းမြို့နယ် အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် နံနက်က ရွှေတိဂုံစေတီလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားအစီအစဉ်အရ ရှေးဦးစွာ (၇၅)နှစ်အထက် သက်ကြီး ၆၅ ဦးအား ဝတ္ထုပစ္စည်းများနှင့် ကန်တော့ကြပြီး ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

ထို့နောက် သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမှုဆောင်ဟောင်းများ နုတ်ထွက်ကြပြီးနောက် အမှုဆောင်သစ်များရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)၊ အတွင်းရေးမှူး ဦးဝင်းအောင်နှင့် အမှုဆောင်များကို တညီတညွတ်တည်း ရွေးချယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၁၉)

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ထူးကြီးမြို့ သီရိမင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်၊ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် ရပ်မိရပ်ဖ ဦးဟုတ်ထိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

(မြို့နယ်စည်ပင်)

**၂၀၀၉-၂၀၁၀ ပညာသင်နှစ် အထက(၄)ပုဇွန်တောင် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနုနုရွှေက ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ကျော်စည်သူအား ဂုဏ်ထူးဆောင်နှင့် ရွှေလက်စွပ် ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ပညာရေး)

## မီးသတ်ဦးစီးဌာန သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ခေတ်မီ မီးသတ်နည်းပညာများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ချက်နှင့်အညီ တတ်သိကျွမ်းကျင်သည့် ပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် မီးသတ်ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မီးငြိမ်းသတ်ရေး နည်းစနစ်တစ်ခုဖြစ်သော မီးငြိမ်းသတ်ရေးတွင် ရေမှုန်၊ ရေမွှားဖြင့် ပက်ဖျန်း အသုံးပြုခြင်းနည်းစနစ် (Fire Fighting for 3D Water Fog Techniques) ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်စခန်းများမှ တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် မီးသတ်ပညာရပ်ဆိုင်ရာ သုံးစွဲမှုနည်းစနစ်များကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနစိတ် တာဝန်ခံအရာရှိက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်းနှင့် လစဉ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု သထုံမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

**သထုံ ဖေဖော်ဝါရီ ၁၀**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သထုံမြို့ လိပ်အင်းရပ်ကွက် နန်းတော်ရာအနောက်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်တွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။ ထို့နောက် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် **(အောက်ပုံ)** ဧည့်ပရိသတ်များနှင့်အတူ ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## တပ်ကုန်းမြို့၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ပုဂ္ဂလိက ဆီရောင်းဝယ်ရေးဆိုင်တစ်ဆိုင်၌ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် ဆီသယ်ယာဉ်မှ ဆီကဲ့စဉ် အပူရှိန်ကြောင့် မီးလောင်ပြီး ဓာတ်ဆီဆိုင်နှင့် ဆီပီပါအချို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ရှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(သတင်းစဉ်)



**မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြောင်-ပရိမ္မလမ်း လမ်းဘေးဝဲ၊ ယာကပ်တုံးများ ဆေးသုတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အကျိုးပြုလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။

# ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ရခိုင်ပြည်နယ်တစ်ခွင်

❖ **ရွှေဖုံးမှ**

သံတွဲ၊ ကျိန္တလီနှင့် ဂွချောင်းတို့သည် မြောက်မှတောင်သို့ စီးဆင်းနေသည်။ စစ်တွေလွင်ပြင်သည် အကျယ်ပြန့်ဆုံးဖြစ်ပြီး ဖရုံကာ၊ ရမ်းဗြဲ၊ မာန်အောင်ကျွန်းများနှင့် ကျွန်းငယ်များစွာရှိသည်။

ရေမြေသဘာဝအခြေအနေကောင်းများစွာရှိသော ရခိုင်ပြည်နယ်သည် အတိတ်တစ်ချိန်က တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာရေးခက်ခဲပြီး ရေလမ်းကြောင်းကိုသာ အဓိကအားထားခဲ့ရသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နယ်မြေဒေသမရွေး တိုးတက်မှုရှိစေရန်၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုနည်းနိုင်သမျှနည်းစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို ခက်ခက်ခဲခဲ ဖော်ဆောင်ပေးလျက်ရှိသည်။ ယခုအခါ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေးစသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ အတူတကွပူးပေါင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်အတန်းကိုဖြစ်နိုင်သမျှ တစ်ပြေးညီကျယ်ပြန့်မြင့်မားအောင် မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဖြည့်ဆည်း ဖော်ဆောင်ပေးခြင်းဖြစ်သည်။

ပြည်နယ်၊ ပြည်မတစ်တန်းတည်းထားပြီး လမ်း၊ တံတားလိုသော နေရာတွင် လမ်း၊ တံတား၊ ဆည်တမံလိုသောနေရာတွင် ဆည်တမံ၊ ဆေးရုံဆေးပေးခန်း လိုသောနေရာတွင် ဆေးရုံဆေးပေးခန်း၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများစသည်ဖြင့် ခေတ်အဆက်ဆက်က ကွက်လပ်များစွာကို ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် ညီနောင်ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ဆက်စပ်ယှဉ်တွဲလျက် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာသည့် ရခိုင်ပြည်နယ်ကို ယခင်နှင့်မတူ တစ်မူထူးခြားစွာတွေ့မြင်ရမည်ဖြစ်သည်။ ။

**ရခိုင်ပြည်နယ် စစ်တွေမြို့ ဆိပ်ကမ်းတွင် ခရီးသည်နှင့် ကုန်စည်များ သယ်ပို့သည့် ကမ်းရိုးတန်းသွား သင်္ဘောများ ဆိုက်ကပ်နိုင်ရန်အတွက် တည်ဆောက်ပေးထားသော ဖောင်တော်ကြီး ဆိပ်ခံတံတား။**

# (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု



ကျောက်တော်မြို့ရှိ ကစ္ဆပနဒီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ကစ္ဆပနဒီတံတားကို ဝေဟင်မှ တွေ့ရစဉ်။

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးမြေဧရိယာ | ဧက | ၁၁၉၇၃၅၅ | ၁၃၀၄၈၀၇ | ၁၀၇၄၅၂ |
| ၂ | ဆည်တမံ(အကြီး/အသေး) | ခု | - | ၁၄ | ၁၄ |
| ၃ | မြစ်ရေတင်လုပ်ငန်း | ခု | - | ၁၄ | ၁၄ |
| ၄ | ကြိုးပြင်ကာကွယ်တော | စတုရန်းမိုင် | - | ၁၈၁၈ | ၁၈၁၈ |
| ၅ | ရထားသံလမ်း | မိုင် | - | ၃၄ | ၃၄ |
| ၆ | ပေ(၁၈၀)အထက်တံတား | စင်း | ၂၉ | ၆၉ | ၄၀ |
| ၇ | ကားလမ်း | မိုင် | ၁၁၅၆ | ၁၉၉၅ | ၈၃၉ |
| ၈ | လေယာဉ်ကွင်း | ကွင်း | ၃ | ၄ | ၁ |
| ၉ | စာတိုက်စခန်း | ခု | ၄၈ | ၈၂ | ၃၄ |
| ၁၀ | ကြေးနန်းရုံး | ရုံး | ၁၈ | ၂၇ | ၉ |
| ၁၁ | တယ်လီဖုန်းရုံး | ရုံး | ၁၆ | ၃၇ | ၂၁ |
| ၁၂ | မိုက္ကရိုဝေ့ဗ်စခန်း | ခု | ၅ | ၁၈ | ၁၃ |
| ၁၃ | ရေအားလျှပ်စစ်စက်ရုံ | ရုံ | - | ၃ | ၃ |
| ၁၄ | ပုဂ္ဂလိကစက်ရုံ | ရုံ | ၁၂၆ | ၂၀၇၈ | ၁၉၅၂ |
| ၁၅ | အခြေခံပညာကျောင်း | ကျောင်း | ၂၃၉၁ | ၂၇၁၂ | ၃၂၁ |
| ၁၆ | တက္ကသိုလ်၊ ကောလိပ် | ခု | ၁ | ၂ | ၁ |
| ၁၇ | နည်းပညာတက္ကသိုလ် | ခု | - | ၁ | ၁ |
| ၁၈ | ကွန်ပျူတာတက္ကသိုလ် | ခု | - | ၁ | ၁ |
| ၁၉ | ဆေးရုံ | ရုံ | ၂၇ | ၄၇ | ၂၀ |

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ဆဲ စီမံကိန်းများ

| စဉ် | အကြောင်းအရာ | တည်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁ | သရီချောင်းရေလှောင်တမံစီမံကိန်း | ကျောက်တော်မြို့နယ် | အကျိုးပြုစိုက်ပျိုးဧက ဧက (၃၀၀၀) |
| ၂ | ပေ(၁၈၀)နှင့်အထက် သယုပဲပဒိုကြိုးတံတား | အမ်းမြို့နယ် | |
| ၃ | စစ်တွေ-အမ်း-မင်းဘူး လမ်းပိုင်းမှ | ရခိုင်ပြည်နယ် | (၃၄. ၁၈) မိုင် |
| ၄ | ဘူတာ | စစ်တွေ-ပုဏ္ဏားကျွန်း | (၇) ဘူတာ |
| ၅ | GSM | စစ်တွေ | ၆၇၈ |
| ၆ | CDMA | ကျောက်တော်၊ ကျောက်ဖြူ၊ မြောက်ဦး၊ တောင်ကုတ်၊ အမ်း၊ မာန်အောင်၊ မြေပုံ၊ သံတွဲ၊ ဂွ၊ မောင်တော၊ စစ်တွေ | ၇၄၄၅ |
| ၇ | အမ်းချောင်းရေအားလျှပ်စစ် | အမ်းမြို့နယ် | ၁၀ မဂ္ဂါဝပ် |
| ၈ | သူဌေးချောင်းရေအားလျှပ်စစ် | သံတွဲမြို့နယ် | ၁၁၁ မဂ္ဂါဝပ် |
| ၉ | စိုင်ဒင်ရေအားလျှပ်စစ် | ဘူးသီးတောင်မြို့နယ် | ၇၆ မဂ္ဂါဝပ် |
| ၁၀ | လေးမြို့ချောင်းရေအားလျှပ်စစ် | မြောက်ဦးမြို့နယ် | - |

ဒေသတွင်းနေ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာသင်ယူနိုင်ရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော နည်းပညာတက္ကသိုလ် (စစ်တွေ)ကို တွေ့ရစဉ်။

**"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နယ်မြေဒေသမရွေး တိုးတက်မှုရှိစေရန်၊ ဒေသတစ်ခုနှင့် တစ်ခု ကွာဟမှုနည်းနိုင်သမျှ နည်းစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို ခက်ခက်ခဲခဲ ဖော်ဆောင်ပေးလျက်ရှိ။**

**ယခုအခါ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး စသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာ။"**

## (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကြီး ဖြိုခွဲမည့်အကြံ ဒို့လက်မခံ




**အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အောင်မြင်မှုတွေ၊ တိုးတက်ဖြစ်ထွန်းမှုတွေ၊ အလားအလာကောင်းတွေ အပြိုင်းအရိုင်း သီးပွင့်ဝေဆာပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တက်ကြွပျော်ရွှင် အားသစ်တွေ ဆင်နေကြတဲ့ အခုလိုအခါသမယမှာ အနှစ်သာရပြည့်ဝပြီး မင်္ဂလာအပေါင်း ခညောင်းပြည့်စုံတဲ့ ပြည်ထောင်စုနေ့ကို ရောက်လာခဲ့ပြန်ပါပြီ။ မြန်မာနိုင်ငံ မြန်မာလူမျိုးရယ်လို့ ကမ္ဘာတည်သရွေ့ တည်တံ့ရှင်သန်နေနိုင်ရေးအတွက် ဒီရေဒီမြေပေါ်မှာ သမိုင်းအစဉ်အဆက် ဥမကွဲသိုက်မပျက် တစ်လှေတည်းစီး တစ်ခရီးတည်းသွားခဲ့ကြတဲ့ တိုင်းရင်းသားညီနောင်များ အားလုံးရဲ့ စည်းလုံးညီညွတ်မှုဟာ ဘယ်အရာနဲ့မှ အစားထိုးလို့မရနိုင်တဲ့ စွမ်းအားစုကြီးအစစ်အမှန်ပါပဲ။ ဒါကြောင့် ပြည်ထောင်စုနေ့ဆိုတာဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုတဲ့ မြန်မာ တိုင်းရင်းသားများအားလုံးအတွက် အစဉ်ထာဝရ အထွတ်အမြတ် ဖြစ်နေမှာဖြစ်သလို လေးနက်တဲ့အနှစ်သာရတွေနဲ့ အမြဲတမ်းပြည့်ဝနေမယ်ဆိုတာလည်း ယုံမှားသံသယဖြစ်ဖွယ် မရှိပါဘူး။**

ပြည်ထောင်စုနေ့နဲ့ပတ်သက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု သမိုင်းကိုပြန်ကြည့်မယ်ဆိုရင် ပင်လုံညီလာခံဟာ အထင်ကရဖြစ်ပါတယ်။ အဲဒီတုန်းက နိုင်ငံ့လွတ်လပ်ရေးအတွက်၊ နိုင်ငံလွတ်လပ်တဲ့အခါမှာ ပြည်ထောင်စု တိုင်းရင်းသားအားလုံး မခွဲခြားမချန် အတူတကွ ပါဝင်နိုင်ရေးအတွက် ပင်လုံညီလာခံဆိုတာကို ကျင်းပပြီး လွတ်လပ်ရေးအတွက် ညီညွတ်မှုအင်အားကို တစ်ခဲနက်ပြသနိုင်ခဲ့ကြပါတယ်။ ရည်ရွယ်ချက်က မြင့်မားပြီး အတွေးအခေါ်ပိုင်းက မှန်ကန်ပါတယ်။ လုပ်ရပ်ပိုင်းကလည်း အထူးပဲလျော်ကန်သင့်မြတ်လှပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရရှိချိန်မှာ ဘယ်တိုင်းရင်းသားလူမျိုးစုတွေမှ လက်တွဲပြုတ် ပဲ့ထွက်ကျန်ရစ်ခဲ့ခြင်းမရှိဘဲ တိုင်းရင်းသားညီနောင်အားလုံး အတူတကွ လွတ်လပ်ရေးရယူနိုင်ခဲ့ကြပါတယ်။ ဒါဟာ ပင်လုံရဲ့ အနှစ်သာရ၊ ပင်လုံရဲ့ အောင်မြင်မှု၊ ပင်လုံရဲ့ မော်ကွန်းမှတ်တိုင်ဖြစ်ပါတယ်။

သို့သော် လွတ်လပ်ရေး ရလုဆဲဆဲကာလနဲ့ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလများမှာ ဘာသာရေး၊ လူမျိုးရေး၊ အာဏာရေး အစွဲအလမ်းတွေကြောင့် ပင်လုံစိတ်ဓာတ်ပျက်ပြားပြီး ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုတွေ၊ တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူတွေ အလျှိုအလျှို ပေါ်ပေါက်လာခဲ့တာ အားလုံးအသိပါပဲ။ ဒ့ါအပြင် မြေပေါ် တိုင်းရင်းသားခေါင်းဆောင်များအတွင်းမှာပါ သီးခြားပြည်နယ်ခွဲထွက်ခွင့် တောင်းဆိုမှုတွေ၊ ဖက်ဒရယ်တောင်းဆိုမှုတွေ၊ ရှစ်ပြည်နယ်သဘောထားတွေ တဖြည်းဖြည်းတိုးပွားလာခဲ့ပြီး နောက်ဆုံးမှာ ပြည်ထောင်စုကြီး ပြိုကွဲဖို့ လက်တစ်ကမ်းအလိုအထိ အန္တရာယ်နဲ့ရင်ဆိုင်လာခဲ့ရတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း သမိုင်းမှာ တော်လှန်ရေးကောင်စီဆိုတာ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်က နိုင်ငံကို တာဝန်ယူခဲ့ရတဲ့ အခြေဆိုက်ခဲ့ရတာပါ။ ပြောရရင် ပင်လုံညီလာခံ၊ ပင်လုံစိတ်ဓာတ်ကို တကယ်စွဲမြဲကျင့်သုံးဆောင်ရွက်ကြမယ်ဆိုရင် တပ်မတော်ဟာ နိုင်ငံရေးနယ်ပယ်ကို မလွှဲမရှောင်သာ ဝင်ရောက်လာရတဲ့ ဒီလိုအခြေအနေမျိုး ရှိလာခဲ့မှာကို မဟုတ်ပါဘူး။

တကယ်တော့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားအရေးဟာ အလွန်ကျယ်ပြန့်ပြီး သိပ်ကိုသိမ်မွေ့နက်နဲလွန်းလှပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရဲ့ ဆန္ဒတွေ၊ ဘဝတွေကို ကိုယ်စားပြုထားရတဲ့ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအနေနဲ့ တိုင်းရင်းသားအရေးကို နိုင်နိုင်နင်းနင်း ထိန်းကျောင်းကိုင်တွယ် ဆောင်ရွက်နိုင်စွမ်းမရှိဘူးဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲတဲ့နေ့ဟာ တိုင်းပြည်ပျက်သုဉ်းတဲ့နေ့ ဖြစ်လာမှာအမှန်ပါပဲ။ ဒါနဲ့ပတ်သက်ပြီး သမိုင်းသင်ခန်းစာတွေလည်း အများကြီးရှိခဲ့ပါပြီ။

သမိုင်းကိုပြန်ပြောကြရင်တော့ ပြောစရာတွေအများကြီးရှိကြမှာပါ။ ဒီတော့ဒါတွေကို နောက်ကြောင်းပြန် ခြေရာမကောက်လိုတော့ပါဘူး။ အချုပ်ပြောရရင် တော်လှန်ရေးကောင်စီ တက်လာပြီးနောက်ပိုင်းမှာရော၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာပါ တိုင်းရင်းသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေ ရှိသင့်သလောက်ရှိခဲ့ပါတယ်။ အောင်မြင်မှုအချို့လည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက် အောင်မြင်တဲ့အတိုင်းအတာမျိုး မဟုတ်ခဲ့တာအမှန်ပါပဲ။ ပြည်တွင်း သောင်းကျန်းမှု သက်ဆိုးရှည်ခဲ့ပြီး တိုင်းရင်းသားနယ်မြေတွေမှာ တည်ငြိမ်အေးချမ်းမှုနတ္ထိ၊ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရတာ အားလုံးအသိပါ။

**ဒီဘက် ၁၉၈၈ နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရည်မှန်းချက်ကြီးကြီးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးရယူနိုင်အောင် နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့နိုင်ပါတယ်။ အဲဒီအချိန်တုန်းက ယုံကြည်ချက် ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ဆူပူလှုပ်ရှားနေကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းပေါင်း ၂၀ ကျော်ရှိခဲ့ပါတယ်။ နိုင်ငံရေးအယူအဆကွဲပြားမှုတွေအပြင် လူမျိုးရေး အစွန်းရောက်မှု၊ ဘာသာရေးအစွန်းရောက်မှုတွေပါ ရောထွေးနေတဲ့အတွက် ပြည်တွင်း သောင်းကျန်းမှုပြဿနာရဲ့ သိမ်မွေ့နက်နဲရှုပ်ထွေးမှုကို နားလည်သဘောပေါက်နိုင်အောင် ကြိုးစားခဲ့ရပါတယ်။ မှန်ကန်ပျော့ပျောင်းတဲ့ သဘောထားရပ်တည်ချက်၊ ဖြူစင်တဲ့စိတ်ရင်းစေတနာတွေကိုအခြေခံပြီး ငြိမ်းချမ်းရေးကို လိုလိုလားလားကမ်းလှမ်း စေ့စပ်ညှိနှိုင်းနိုင်ခဲ့တဲ့အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်း ၂၀ ကျော် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့တာ အားလုံးအသိပါပဲ။ ဒါဟာခေတ်အဆက်ဆက် ဘယ်အစိုးရကမှ အောင်မြင်အောင်မလုပ်နိုင်ခဲ့တဲ့ တိုင်းရင်းသားအရေးကို ဒီနေ့ တပ်မတော်အစိုးရက အောင်မြင်အောင် စွမ်းဆောင်ပြလိုက်ခြင်းပဲ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။**

တစ်ဖက်ကလည်း ငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုရရှိလာတဲ့ ဒေသတိုင်းမှာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေ၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုတိုင်းရင်းသားတို့ရဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ငွေကြေးပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံသုံးစွဲအကောင်အထည်ဖော်ပေးခဲ့တဲ့အတွက် အခုဆိုရင် အစွန်အဖျား နယ်စပ်ဒေသများအားလုံးဟာ မြေပြန့်ဒေသနဲ့မခြား အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့ပါပြီ။ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် လူမှုစီးပွားဘဝတွေကိုလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး ဟိုယခင်တုန်းကနဲ့ ဘယ်လိုမှ မနှိုင်းယှဉ်သာအောင် စွမ်းဆောင်မြှင့်တင်ပေးနိုင်ခဲ့ပါပြီ။

ဒ့ါအပြင် တိုင်းရင်းသားအရေးကို အလေးပေးတဲ့အနေနဲ့ ကျင်းပပြီးစီးခဲ့တဲ့ အထင်ကရအမျိုးသားညီလာခံကြီးမှာ တက်ရောက်တဲ့ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ခန့်အနက် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်ပေါင်း ၆၀၀ ကျော်အထိ ပါဝင်တက်ရောက်ခွင့်ပေးခဲ့တာကို တွေ့နိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူနဲ့ အသေးစိတ်အခြေခံမူများ ချမှတ်ရာမှာလည်း လူမျိုးရေး၊ ဝါဒရေး၊ ဘာသာရေးကွဲပြားခြားနားမှု အခြေအနေများကို လက်ခံစဉ်းစားပြီး မတူခြားနားတဲ့ အယူအဆ၊ သဘောထားများ အတွင်းကနေ ဒီမိုကရေစီရဲ့သဘောတရားအတိုင်း အများစုကြီး (Overwhelmingly majority) က လက်ခံသဘောတူနိုင်တဲ့ အဖြေရရှိတဲ့အထိ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခဲ့ကြရပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေ အချိန်အခါအရ အသင့်မြတ်ဆုံး၊ အကျိုးအရှိနိုင်ဆုံးအဖြေများကို ဖော်ထုတ်နိုင်ခဲ့ပြီး တိုင်းရင်းသားအရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အောင်အောင်မြင်မြင် ပြဋ္ဌာန်းအတည်ပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။

## ကျော်ရဲမင်း

**ဒီနေ့အချိန်အခါမှာ နိုင်ငံမှာ ဘယ်တုန်းကမှ မရနိုင်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေခံပြီး တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေ ဖွံ့ဖြိုးဝေဆာနေပါပြီ။ တိုင်းရင်းသားတို့ရဲ့ နယ်စပ်တောင်တန်းဒေသတွေဟာလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝ အခြေတင့် အနေမြင့်တဲ့အဆင့်ကို ရောက်နေပါပြီ။ ငြိမ်းချမ်းရေး ရယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုလည်း အခြေခံဥပဒေနဲ့အညီ နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းပြီး ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေး အာမခံချက်ကို ရယူတည်ဆောက်နိုင်ခဲ့ကြပါပြီ။ ကျင်းပပြီးခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာလည်း လွတ်လပ်ပြီး တရားမျှတစွာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ပိုင်ခွင့်တွေ အသီးသီးရရှိခဲ့ကြလို့ သက်ဆိုင်ရာတိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားပါတီအများစု အောင်နိုင်ခဲ့ကြပြီး အနာဂတ်လွှတ်တော်များကတစ်ဆင့် ကိုယ့်တိုင်းရင်းသားအရေးကို ဦးဆောင်တင်ပြ ဆောင်ရွက်နိုင်ဖို့ အားကြိုးမာန်တက် ပြင်ဆင်နေကြပါပြီ။**

ဒီလိုအခြေအနေ၊ ဒီလိုအချိန်အခါမျိုးမှာ ဆန့်ကျင်ဘက်အုပ်စုတွေက အမျိုးသားပြန်လည်သင့်မြတ်ရေးလို့ အကြောင်းပြပြီး ဒုတိယပင်လုံညီလာခံ (ဝါ) ၂၁ ရာစုပင်လုံညီလာခံဆိုတာနဲ့ နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးပမ်းလာကြတာကို တွေ့မြင်နေရပါတယ်။ ဒါဟာ တိုင်းရင်းသားတွေ၊ တချို့သောနိုင်ငံရေးအဖွဲ့အစည်းတွေ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး BGF မဖွဲ့နိုင်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ ပြည်ပမှာရှိနေတဲ့ သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေအားလုံးကို ဝေါဟာရတစ်ခုတည်းနဲ့ တစ်ပြိုင်နက် စည်းရုံးသိမ်းသွင်းလိုက်တာပါပဲ။ ဒါပေမယ့် ဒီစကားဟာ နိုင်ငံအတွက်၊ ပြည်သူအတွက် အင်မတန်အန္တရာယ်ကြီးပါတယ်။ ဒီလို

- ဒီနေ့အချိန်အခါမှာ နိုင်ငံမှာ ဘယ်တုန်းကမှ မရနိုင်ခဲ့တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခြေခံပြီး တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေ ဖွံ့ဖြိုးဝေဆာနေ။
- တိုင်းရင်းသားတို့ရဲ့ နယ်စပ်တောင်တန်းဒေသတွေဟာလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝ အခြေတင့် အနေမြင့်တဲ့ အဆင့်ကို ရောက်နေ။
- ငြိမ်းချမ်းရေး ရယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုလည်း အခြေခံဥပဒေနဲ့အညီ နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းပြီး ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေး အာမခံချက်ကို ရယူ တည်ဆောက်နိုင်ခဲ့။

တက်က ဖွံ့ဖြိုးတိုးတက်ပြီး
စွမ်းဆောင်မြှင့်တင်ပေး

တဲ့အနေနဲ့ ကျင်းပပြီးစီး
ရာက်တဲ့ ကိုယ်စားလှယ်
ယ်စားလှယ်ပေါင်း ၆၀၀
ွ့နိုင်ပါတယ်။ ဖွဲ့စည်းပုံ
အခြေခံမူများ ချမှတ်ရာ
ခြားနားမှု အခြေအနေ
အဆ၊ သဘောထားများ
း အများစုကြီး (Over-
ိုင်တဲ့ အဖြေရရှိတဲ့အထိ
ါကြောင့် လက်ရှိအခြေ
အရှိနိုင်ဆုံးအဖြေများကို
န်းချက်များကို ဖွဲ့စည်းပုံ
း အတည်ပြုဆောင်ရွက်

**ရနိုင်ခဲ့တဲ့ တိုင်းရင်းသား
မ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု
ရင်းသားတို့ရဲ့ နယ်စပ်
ဖွံ့ဖြိုးတိုးတက်ပြီး လူမှု
က်နေပါပြီ။ ငြိမ်းချမ်းရေး
အများစုလည်း အခြေခံ
င်ကူးပြောင်းပြီး ယာယီ
က်ကို ရယူတည်ဆောက်
သွေထွေရွေးကောက်ပွဲကြီး
က်တင်မြှောက်ခံပိုင်ခွင့်
ခဲ့ကြလို့ သက်ဆိုင်ရာ
များစု အောင်နိုင်ခဲ့ကြပြီး
သားအရေးကို ဦးဆောင်
ဝင်နေကြပါပြီ။**

့ကျင်ဘက်အုပ်စုတွေက
း ဒုတိယပင်လုံညီလာခံ
ဖြတ်ထုတ်ဖို့ ကြိုးပမ်းလာ
င်းသားတွေ၊ တချို့သော
း ဝင်ရောက်ပြီး BGF
တွေ၊ ပြည်ပမှာရှိနေတဲ့
ဝေါဟာရတစ်ခုတည်းနဲ့
ဒါပေမယ့် ဒီစကားဟာ
ရာယ်ကြီးပါတယ်။ ဒီလို



# ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်း ကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု ဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- ☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး၊
- ☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

အန္တရာယ်ကြီးမှန်းသိလျက်နဲ့ မိမိနဲ့ မိမိအုပ်စု အကျိုးစီးပွားတစ်ခုတည်းကို ရှေ့တန်းတင်ပြီး ဒီစကားကို ပြောထွက်တာက ပိုပြီးအံ့သြဖို့ကောင်းပါတယ်။

တကယ်တမ်းပြောရရင် ပင်လုံညီလာခံကျင်းပခဲ့တဲ့ ၁၉၄၇ အခြေအနေနဲ့ ဒီနေ့အခြေအနေ အများကြီးကွာခြားသွားခဲ့ပါပြီ။ ပြည်ပ အခြေအနေကို နှိုင်းယှဉ်သုံးသပ်မယ်ဆိုရင် ဟိုတုန်းက မြန်မာ့အရေးကို စိတ်ဝင်တစား ဝင်ရောက်စွက်ဖက်နိုင်တာက အင်္ဂလန်တစ်နိုင်ငံပဲရှိပါတယ်။ အင်္ဂလန်ကိုယ်တိုင်တောင်မှ ဒုတိယကမ္ဘာစစ်ထောင်းလို့ အတော်လေးကြေမွပြီး ကိုယ့်ဇာတ်ကိုယ်မနိုင်ဖြစ်နေတဲ့ အနေအထားမျိုးပါ။ ဒီနေ့အခြေအနေမှာတော့ မြန်မာ့အရေးဟာ အိမ်နီးချင်းနိုင်ငံများနဲ့ရော နိုင်ငံတကာနဲ့ပါ ဆက်စပ်နေပြီး စိတ်ဝင်တစားရှိကြတဲ့ အနေအထားမျိုးဖြစ်နေပါပြီ။ ဒါကြောင့် ဒီနေ့ ပထဝီနိုင်ငံရေး (Geopolitics) အနေအထားကို ထည့်သွင်းစဉ်းစားဖို့ လိုပါလိမ့်မယ်။

**ပြည်တွင်းအခြေအနေကို နှိုင်းယှဉ်ရင်လည်း ဟိုတုန်းက တိုင်းရင်းသားတွေဟာ နယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်မှု၊ နှိမ့်ချအုပ်ချုပ်မှုတွေကြောင့် အဆက်အဆံနည်းပြီး အသိဗဟုသုတလည်း ဒီနေ့လောက်အထိ မပြည့်စုံခဲ့တာတွေ့နိုင်ပါတယ်။ ပင်လုံကိုလာတက်တာတောင်မှ တိုင်းရင်းသားမစုံခဲ့ပါဘူး။ ကရင်ဟာ လာရောက်လေ့လာတဲ့အဆင့်သာရှိခဲ့သလို ရခိုင်တို့၊ မွန်တို့ ဆိုတာတွေလည်း ပင်လုံမှာ လုံးဝမပါခဲ့ပါဘူး။ ဒီနေ့အချိန်မှာတော့ တိုင်းရင်းသားမျိုးနွယ်စုတွေအကြား အပြန်အလှန်ကူးလူးဆက်သွယ်ဆက်ဆံမှုတွေ ယခင်နဲ့မယှဉ်သာလောက်အောင် တိုးတက်လာသလို တိုင်းရင်းသားတွေရဲ့ အသိ၊ ဗဟုသုတဟာလည်း အရင်ကထက် အများကြီး မြင့်မားလာခဲ့ကြပါပြီ။ အမျိုးသားညီလာခံမှာလည်း တက်ရောက်ခွင့်ရခဲ့ကြပြီး အနာဂတ်နိုင်ငံအရေးနဲ့ တိုင်းရင်းသားအရေးတွေကို ကိုယ်တိုင်ကိုင်တွယ် စီမံဆောင်ရွက်ဖို့အသင့်ဖြစ်နေကြပါပြီ။ ဒါ့အပြင် ၁၉၄၇ တုန်းက သောင်းကျန်းသူရယ်လို့ မရှိခဲ့သေးပေမယ့် ဒီနေ့ သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေ စသဖြင့် ရှိနေခဲ့ ရှိနေဆဲအခြေအနေမျိုးပါ။ ဒါ့အပြင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး လက်နက်မစွန့်သေးတဲ့အခြေအနေတွေလည်း ရှိနေပါသေးတယ်။ ဒါကြောင့် အဲဒီတုန်းကအခြေအနေတွေနဲ့ ဒီနေ့ အခြေအနေ အများကြီး ကွာခြားသွားခဲ့ပြီဆိုတာ သတိမူသင့်ပါတယ်။**

**ဒီလို အခြေအနေမျိုးမှာ ပေါ်ထွက်လာတဲ့ ဒုတိယပင်လုံညီလာခံ ကိစ္စဟာ လုံးဝသွေးရိုးသားရိုး မဟုတ်ပါဘူး။ မင်းသားကြီးမလုပ်ရတဲ့ အပယ်ခံတွေစုပြီး ပတ်မကြီးထိုးဖောက်ဖို့ ကြံစည်ကြတာကလွဲလို့ တခြား ကိစ္စ ဖြစ်နိုင်ပါရိုးလား။ စည်းလုံးပြီးသား၊ ညီညွတ်ပြီးသား၊ တည်ငြိမ်အေးချမ်းပြီးသား၊ ဖွံ့ဖြိုးတိုးတက်ပြီးသားအခြေအနေကို အမြစ်ကစ မြေလှန်ပြီး ဖြိုခွဲဖို့၊ ခလောက်ဆန်ဖို့၊ အကောက်ကြံဖို့မှတစ်ပါး အခြားမရှိနိုင်တာ ထင်ရှားလှပါတယ်။**

ဆန့်ကျင်ဘက်အုပ်စုတွေဟာ လက်ရှိအခြေအနေမှာ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားပါမယ်။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို လိုလားပါတယ်လို့ အသံကောင်းဟစ်နေသလို တစ်ဖက်ကလည်း စစ်မှန်တဲ့ပြည်ထောင်စု ဖော်ဆောင်ရေးဆိုတာကို တွင်တွင်ကြီး ကြွေးကြော်နေပါတယ်။ Peace Revolution ဆိုတဲ့ ဝေါဟာရလှလှကို အကာအကွယ်ယူထားပေမယ့် အတွင်း အနှစ်သာရကတော့ ယခင့်ယခင်တုန်းကလိုပဲ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး စတဲ့ Hard Line ကို ဖက်တွယ်ထားဆဲပါပဲ။ ၉၀ ရလဒ်ကို လက်မလွှတ်ဘူး၊ ၂၀၀၈ အခြေခံဥပဒေကို လက်မခံဘူး၊ ၂၀၁၀ ရွေးကောက်ပွဲကို အသိအမှတ်မပြု၊ လက်မခံဘူးဆိုတဲ့ အစိုးရလုပ်သမျှ ဆန့်ကျင်ရေးသံသရာထဲမှာ လည်နေတုန်းပါပဲ။

ပြောရရင် ၂၁ ရာစု ပင်လုံရဲ့ ရည်ရွယ်ချက်အနှစ်သာရက ဖက်ဒရယ်ပါပဲ။ အင်မတန်အန္တရာယ်ကြီးတဲ့ကိစ္စပါ။ ဒါ့အပြင် ဒီနေ့ မြေပေါ်တိုင်းရင်းသားခေါင်းဆောင်များသာမက မြေအောက်တိုင်းရင်းသားအုပ်စုတွေ၊ သောင်းကျန်းသူ လက်နက်ကိုင်အုပ်စုတွေပါ ပါဝင်လာဖို့ဆိုတာ အင်မတန်စိတ်ကူးယဉ်ဆန်လွန်းလှပါတယ်။ တကယ်တမ်းပါဝင်လာမယ်ဆိုလို့ရှိရင်လည်း သူတို့အားလုံးရဲ့ အမြင်တွေ၊ အစွဲတွေ၊ လိုလားချက်တွေကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ပြီး အောင်မြင်အောင် Compromise လုပ်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်လည်း တချို့သော တိုင်းရင်းသားပါတီတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဝါရင့်သမ္မာရင့် နိုင်ငံရေးသမားတွေ၊ ဂျာနယ်လစ်တွေက ဒုတိယပင်လုံညီလာခံကိစ္စဟာ မဖြစ်နိုင်ဘူး၊ မဖြစ်သင့်ဘူး၊ မထောက်ခံဘူးလို့ ကန့်ကွက်လာကြတာပါ။ ဒါကို ခေါင်းမာမာနဲ့ အတင်းရှေ့ဆက်တိုးမယ်ဆိုရင်တော့ မလိုလားအပ်တဲ့၊ မကောင်းတဲ့ အကျိုးဆက်တွေကို ရင်ဆိုင်ကြရမှာမုချပါပဲ။

**အမှန်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တိုင်းရင်းသားရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ပါဝင်ပြီးသားပါ။ ဒီပြဋ္ဌာန်းချက်တွေဟာလည်း တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်အများစု လွှမ်းမိုးပါဝင်တဲ့ အမျိုးသားညီလာခံကြီးကနေ အားလုံးသဘောတူချမှတ်ထားတဲ့ အချက်တွေပါ။ ဒါကြောင့် ဖြစ်သင့်တာကတော့ အခြေခံဥပဒေနဲ့အညီသာ ဆက်လက်ဖော်ဆောင်သွားကြရပါမယ်။ အဲလိုကျင့်သုံးဖော်ဆောင်ရင်း တွေ့ရှိလာတဲ့ အားနည်းချက် အားသာချက်တွေကို လွှတ်တော်တွေထဲမှာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီး Win-Win Situation ရအောင် ကြိုးပမ်းကြခြင်းသည်သာ အန္တရာယ်အကင်းဆုံးနဲ့ အသင့်မြတ်ဆုံးဖြစ်ပါလိမ့်မယ်။**

အခုဆိုရင် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၆)ဖြစ်တဲ့ လွှတ်တော်များ ပေါ်ပေါက်လာခဲ့ပြီးဖြစ်လို့ လွှတ်တော်များအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဥပဒေပြုရေးဆိုင်ရာကိစ္စအဝဝကို ဆွေးနွေးညှိနှိုင်း အဖြေရှာရင်း ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆုံးဖြတ် အကောင်အထည်ဖော်နိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒါပြီးရင် အဆင့်(၇)ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို တိုင်းရင်းသားအားလုံး တက်ညီလက်ညီလက်တွဲပြီး ဆက်လက်ဖော်ဆောင်နိုင်ကြတော့မှာ ဖြစ်ပါတယ်။

အနာဂတ်ကိုသွားကြရာမှာ ဖြစ်သင့်တာက ပြည်ထောင်စုရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ရေရှည်အကျိုးစီးပွားအတွက် စီးပွားရေးကို ရှေ့တန်းတင်ဦးစားပေးတည်ဆောက်ထူထောင်ပြီးခါမှ နိုင်ငံရေးဆိုတာကို နောက်ကလိုက်တာမျိုးပဲ ဖြစ်သင့်ပါတယ်။ လောလောဆယ် တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ဖို့အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို စပြီးဖော်ဆောင်နိုင်ဖို့ ဦးစားပေးလိုအပ်နေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခိုင်အမာတည်ဆောက်ပြီးခါမှ နိုင်ငံရေးကို တဖြည်းဖြည်းချင်း ပွင့်လင်းတိုးတက်လာအောင် ပြောင်းလဲယူရတာ အနာဂတ်အတွက် ပိုပြီးအလုပ်ဖြစ်မယ်ထင်ပါတယ်။ ဒါဟာ တရုတ်မှာ တိန့်ရှောင်ဖိန်သွားခဲ့တဲ့ လမ်းကြောင်းပါ။ စီးပွားရေးကို အရင်ဆုံးပြောင်းလဲမြှင့်တင်ပြီး နောက်ပိုင်းမှာမှ နိုင်ငံရေးကို ပွင့်လင်းလာအောင် တဖြည်းဖြည်း ပြောင်းလဲဆောင်ရွက်ပေးနေတာ သိပ်ကိုသိမ်မွေ့ညင်သာပါတယ်။ နိုင်ငံနဲ့ပြည်သူလည်း အရမ်းကို ဖွံ့ဖြိုးတိုးတက်ပါတယ်။ ဒါဟာ အကောင်းဆုံးနမူနာပါ။ ဒီလိုမဟုတ်ဘဲ ဒီမိုကရေစီရမှ အရာရာ ဖြစ်နိုင်မယ်ဆိုတဲ့ သာမင်ညောင်ညအတွေးအခေါ်မျိုးနဲ့ နိုင်ငံရေးကို အလောသုံးဆယ် အတင်းအဓမ္မ ရှေ့တန်းတင်ပြီး ဒုတိယပင်လုံလိုမျိုး ထိပ်တိုက်ရင်ဆိုင်ရေးဆီကို ဦးတည်ကြိုးပမ်းလာမယ်ဆိုရင် အကျိုးထက်အပြစ်က ပိုများလိမ့်မယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါဘူး။

**ဒါကြောင့် ချုပ်ပြီးပြောရရင် ဒုတိယပင်လုံညီလာခံဆိုတာ ဒီနေ့ဒီအခြေအနေမျိုးမှာ လုံးဝမလိုအပ်ပါဘူး။ ဒါကိုပဲ ၂၁ ရာစု ပင်လုံဆိုပြီး ပြည်သူကို မျက်လှည့်ပြဖို့ ကြိုးစားလာတာမျိုးကလည်း လုံးဝမဖြစ်သင့်ပါဘူး။ ၁၉၄၇ ခုနှစ်တုန်းက ပင်လုံညီလာခံဟာ ကာလဒေသပယောဂနဲ့ ကိုက်ညီမှန်ကန်ပြီး လွတ်လပ်ရေးမျိုးစေ့ကို ချပေးနိုင်ခဲ့တယ်ဆိုပေမယ့် ဒီနေ့ဒီအခြေအနေမှာတော့ ပြည်ထောင်စု ပြိုကွဲပျက်စီးစေမယ့် မျိုးစေ့ကိုသာ ချမှတ်ဖော်ဆောင်ပေးနိုင်ပါလိမ့်မယ်။ ဒါကြောင့် ထူးမြတ်တဲ့ ပြည်ထောင်စုနေ့အခါသမယမျိုးမှာ အခုလို ပြည်ထောင်စုကြီးကို ဖြိုခွဲမယ့်အကြံဟူသမျှ ဝိုင်းဝန်းဆန့်ကျင်ဖယ်ရှားပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲသည်ထက် ပိုမိုခိုင်မြဲအောင်၊ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို ချီတက်ရာလမ်းမှာ ခလုတ်တံသင်းကင်းပြီး အစစအရာရာ ချောမွေ့ဖြောင့်ဖြူးအောင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာသာ ဖြစ်ပါကြောင်း ထပ်လောင်းတိုက်တွန်း တင်ပြလိုက်ရပါတယ်။ ။**

## တက်ညီလက်ညီ ပြည်သစ်တည်

❍ အတီအတော၊ ရှေးပဝေက
မြေပြန့်တောင်ပေါ်၊ လက်တွဲပျော်ကာ
စေ့ဆော်သွေးချင်း၊ ညီညွတ်ခြင်းဖြင့်
မင်းဆက်နိုင်ငံ၊ အောင်မြေမှန်ဝယ်
"မြန်မာ"ဟူဘိ၊ ကမ္ဘာသိမျှ
ဇာတိစဉ်လာ၊ တက်နေဖြာ၍
သြဇာဖြန့်မိုး၊ ဘုန်းရှိန်တိုးလျက်
မြေမိုးသိမ့်တုန် ဒို့မျိုးဂုဏ်။

❍ တစ်ကွေ့တစ်ကြိမ်၊ တန်ခိုးမှိန်လျက်
ရေတိမ်မှာနစ်၊ သူ့ကျွန်ဖြစ်လည်း
နှံ့နစ်မခံ၊ ဇာတိမာန်ဖြင့်
တွန်းလှန်နှိုးကြွ၊ တူရှုန်းထလျက်
ပြည်မ ပြည်နယ်၊ ပေါင်းစည်းသွယ်ကာ
နယ်ချဲ့ ဖက်ဆစ်၊ မောင်းထုတ်ပစ်ခဲ့
တစ်ခေတ်ပွင့်လန်း လွတ်လပ်ပန်း။

❍ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်
စောင့်ရှောက်ဖေးကူ၊ ချစ်ကြည်ဖြူစွာ
အေးတူပူမျှ၊ နေလာကြ၍
နှစ်လထောင်ချီ၊ သမိုင်းရှည်ဝယ်
"သာကီ"မော်ကွန်း၊ ရွှေပြည်ထွန်းခဲ့
ဖော်ညွှန်းသက်သေ အမိမြေ။

❍ နွားကွဲပေပြား၊ ကျားဆွဲသွားလိမ့်
ကျားစေဉ်းလဲ၊ ကောက်ကျစ်မြဲကို
ခွဲခြားသိနေ၊ ဒို့တစ်တွေလျှင်
တစ်လေတည်းစီး၊ တစ်ခရီးတည်းသွား
စီးပွားမခွဲ၊ ကြီးပွားမြဲအောင်
တွဲလက်ပိုင်ပိုင် မြဲခိုင်ခိုင်။

❍ ပေါင်းစည်းခြင်း၏၊ အားကိုသိကာ
ညီဘိမိဩာန်၊ သစ္စာနှံခဲ့
ဒို့ဝန်ဒို့ထမ်း၊ ဒို့လမ်းဒို့ချီ
ဒို့ပြည်ဒို့မြှင့်၊ ဒို့ခွင့်ဒို့ပိုင်
ဒို့နိုင်ငံရေး၊ ဒို့မြော်တွေးလျက်
မနှေးပန်းတိုင်၊ တူလှမ်းကိုင်စို့
မဆိုင်သူများ၊ ဘေးစကားထက်
နှောင်ညီဆွေသား၊ သွေးစကားကို
ဒို့များယုံကြည် ရှေ့သို့ချီ။
တက်ညီလက်ညီ ပြည်သစ်တည်။
ရွှေပြည်မျက်မှောက် ရောက်လုပြီ။
ဒီမိုကရေစီ တိုင်းရွှေပြည်။ ။

## (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဇော်မင်းမင်းဦး

## ပုဗ္ဗသီရိမြို့နယ်၌ မီးဘေးကြိုတင် ကာကွယ်ရေးစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ လူနေအိမ် အဆောက်အအုံများ၊ လုပ်ငန်းဌာနများ၊ ဈေးကြီးများ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်မှု(သရုပ်ပြ) လေ့ကျင့်ဆောင်ရွက်ခြင်းတို့ကို အချိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် မီးသတ် ဦးစီးဌာနမှူး ဦးစိုးသန်းနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့ တီဇက်တီအိမ်ဆောက်လုပ်ရေး ကုမ္ပဏီ ဆောက်လုပ်ရေးဝင်းသို့ ရောက်ရှိပြီး ဝန်ထမ်းလိုင်းခန်းများ မီးစနစ်တကျ သုံးစွဲချက်ပြုတ်မှုနှင့် မီးဘေးကြိုတင် ကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

**ကွယ်လွန်သူမိဘနှစ်ပါးနှင့် ခင်ပွန်း ဦးမြင့်ဦးအားရည်စူး၍ အရှေ့ရန်ကင်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်စိန်စိန် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ အဆင့်မြင့် ခြောက်ထပ်ဆေးရုံသစ်ကြီး အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။** (သတင်းစဉ်)

**ဇန်နဝါရီ ၂၉ ရက်က လှိုင်မြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ဒုတိယတန်းမှထူးချွန်ဆုရရှိသော မတင်လဲ့ဝင်းအား ဆရာမကြီး ဒေါ်ခင်ဌေးမော် ဆုချီးမြှင့်စဉ်။** (၅၄၃)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၁-၂-၂၀၁၁ (သောကြာနေ့)**

**(၁၃၇၂ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်၊ ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ 'သက်ရှည်ကျန်းမာလေ့ကျင့်ပါ'
- ၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၈း၂၅ ၈။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၀ ၃။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄း၂၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄း၃၀ ၅။ ၂၀၁၁ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(မြန်မာစာဘာသာရပ်)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၂၀ ၈။ "ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ"
- ၅း၃၀ ၉။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ "ပျော်စရာကမ္ဘာသို့" (လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ဗေလုဝ၊ ငှက်ပျောကြော်)(ဒါရိုက်တာ- မိုက်တီး)
- ၆း၃၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၁၀)**
- ၇း၄၀ ၁၄။ "ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၂၇)**
- ၂၀။ သီချင်းချစ်သူ (အချစ်သီချင်းများစုစည်းမှုအထူးအစီအစဉ်)
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၂။ အစီအစဉ်ပြီး၏။

**ဖေဖော်ဝါရီ ၇ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မလွကုန်းဌေးကြွယ်(က)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မင်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ တပ်ခွဲမှူး ဦးမြတ်မင်းစိုးနှင့် တပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (ကြေးမုံ)

## အိမ်ရာနှင့် အဆောက်အအုံပြပွဲ ၂၀၁၁ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့် အဆောက်အအုံပြပွဲ-၂၀၁၁) ကို မတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

**ဆက်သွယ်မေးမြန်းနိုင်**

ပြပွဲတွင် Shine Group of Companies က အရစ်ကျငွေပေးချေမှုစနစ်များဖြင့် အိမ်ရာအရောင်းပြခန်းများ၊ Kaung Myat Zaw Co., Ltd. က ဗီယက်နမ်နိုင်ငံထုတ် viglacer အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် Steel Door များ၊ SoSuCo Tiles က COTTO အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ TWJS က အိမ်သုတ်ဆေးနှင့် Kholer တံဆိပ်အိမ်တွင်းအလှဆင်ပစ္စည်းများ၊ United Asia Co., Ltd. က Aux တံဆိပ် Aircon များ၊ Treasure Palace Co., Ltd. က Pensonic တံဆိပ် အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းများ၊ Myat Kan Moe Enterprise Ltd. / JBS Electronic / Fudak/ Crown တို့က အိမ်တွင်းသုံးလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ KMD / NCTC တို့က ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ Timberland/ Gold Coil/ Osim/ စိန်နှင့်မြ/ Ocean Glory တို့က ခေတ်မီအိမ်သုံး၊ ရုံးသုံး ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai က နောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways က အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ Ever Live က Nauo တံဆိပ် ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ K & DL Co., Ltd. က ဆောက်လုပ်ရေးနည်းပညာသုံး ပစ္စည်းများ၊ MNZ က နောက်ဆုံးပေါ် ငွေရေစက်များ၊ Carabbian တံဆိပ် ရေသန့်စက်များ၊ Sin Pauk Trading Co., Ltd./ Uniteak/ Home Distribution Group/ Parami Trading Co., Ltd./ Maruart တို့က Viny l ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K- Company က မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ The One PE Tank က ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီအမျိုးမျိုး ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် ပြပွဲလာရောက် ကြည့်ရှုလေ့လာသူများအတွက် နေ့စဉ် Laptop တစ်လုံးကံထူးသူ ရွေးချယ်ပေးသွားမည်ဖြစ်ကာ အသေးစိတ် သိရှိလိုပါက ဖုန်း - ၀၁-၇၃၀၈၂၉၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကချင်ပြည်နယ်စာရင်းရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

ကချင်ပြည်နယ်အတွင်းရှိ ခရိုင် လေးခရိုင်နှင့် မြို့နယ် ၁၁ မြို့နယ်ရှိ စာရင်းရုံးများအား ထပ်ဆင့်ရှင်းလင်းသည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကချင်ပြည်နယ်စာရင်းရုံး မြစ်ကြီးနားမြို့ရှိ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ကချင်ပြည်နယ်စာရင်းရုံး ညွှန်ကြားရေးမှူး ဦးတင်လှိုင်က တက်ရောက်၍ ရှင်းလင်းပြောကြားပြီး ယင်းဆွေးနွေးပွဲသို့ ကချင်ပြည်နယ်စာရင်းရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင် လေးခရိုင်နှင့် မြို့နယ် ၁၁ မြို့နယ်ရှိ စာရင်းစစ်အရာရှိများ၊ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်/မြို့နယ်တို့မှ စာရင်းစစ်မှူးများ တက်ရောက်ကြကြောင်း သိရသည်။ (ကြေးမုံ)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့ မြို့ဦးရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဗေဒါလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်စည်ပင်)

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပင်ခွန်ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းနှင့် ရေစုကန်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၂-၂၀၁၁ (သောကြာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အာရုံခြောက်ပါး"တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
- ၆း၄၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင် ညီနောင်ရတနာ လိုဏ်ဂူတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၁၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၈)**
- ၈း၄၀ "အဓိဋ္ဌာန်ဒုလ္လဘရဟန်း(၅၀၀)ပါး ဥပသမ္ပဒကံဆောင်ပွဲ" (အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်)
- ၈း၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အိုဗာအချစ်ရိုက်ကွင်းအမှတ်တရ"
- ၉း၂၀ ကယ်တင်ကြစို့တို့ကမ္ဘာ
- ၉း၃၀ Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၄)
- ၁၀း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဝါးဦး၏လက်ရာ) (အပိုင်း-၂)
- ၁၀း၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (မြတ်ကေသီအောင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၂၀ Miss 78 2011 ရွေးချယ်ပွဲနှင့် ဈေးရောင်းပွဲတော်
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ Activities In The City (မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းဂုဏ်ပြုချီးမြှင့်ပွဲနှင့် စာနယ်ဇင်းတွေ့ဆုံပွဲအခမ်းအနား)
- ၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Fancy House ဆိုင်သစ်ဖွင့်ပွဲ)
- ၁၂း၄၀ ကုံရာသီတပို့တွဲ ထမနဲထိုးတဲ့လရာသီ
- ၁း၀၀ "အာရုံခြောက်ပါး"တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၁)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၈)**
- ၄း၅၀ လောကကိုအလှဆင်. . . ပန်းတို့၏သခင်
- ၅း၁၀ ကြည်နူးပြုံးပျော်စေမှာ. . . OK Myanmar
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ "Emperor Love Concert" ကြိုတင်ပြင်ဆင်နေမှုများ
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၂)**
- ၇း၂၅ Science For All (ကမ္ဘာမြေကိုကယ်တင်စို့) (အပိုင်း-၁) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၇း၄၅ သွေးချင်းတို့၏ စုပေါင်းအားနှင့် နိုင်ငံတော်၏အနာဂတ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ "Emperor Love Concert" ကြိုတင်ပြင်ဆင်နေမှုများ
- ၈း၄၅ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၆)
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၉)**
- ၁၀း၁၀ VJ Choice
- ၁၀း၃၅ သာယာငြိမ်ချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
- ၁၁း၀၅ World of Knowledge (Moving Ancient Egypt)
- ၁၁း၅၅ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁၂း၁၀ Box Office Movies (300)
- ၁၂း၄၅ ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး (ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၂း၅၅ နှုယဉ်ဆန်းထွင်ပန်းအလှဆင် ("Diamond" ပုံပန်းအိုးထိုးနည်း)
- ၁း၃၀ တူးမြောင်းများ စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
- ၁း၄၀ လွှမ်းတင်သည့်ကြိုး (ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-Nova)
- ၁း၅၅ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
- ၂း၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရွှေရောင်ဆည်းဆာ)
- ၂း၂၅ အပန်းဖြေစရာမျက်လှည့်ကမ္ဘာ
- ၂း၃၅ RO ဆိုတဲ့ KTM
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
- ၄း၃၀ အဓိဋ္ဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ
- ၄း၅၀ မန်းရွှေစက်တော်မှ ခြေတော်ရာ ဦးဖူးရအောင်
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**




**ကျောဖုံးမှ**

ဒါပေမယ့် ဒူဘိုင်းကန္တာရ ကလပ်စစ် (Dubai Desert Classic) ပြိုင်ပွဲမတိုင်မီ အကြိုတွေ့ဆုံတဲ့ပွဲမှာ တိုက်ဂါးဝုဒ်က ယခုကျင်းပမယ့် ဂေါက်ကွင်းဟာ မိမိရဲ့ အောင်မြေဖြစ်ပြီး ဒီဂေါက်ကွင်းမှာအောင်ပွဲကို ပြန်လည်ရယူနိုင်မယ်လို့ မျှော်လင့်ထားတဲ့အကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒူဘိုင်းအင်းမရိတ်ဂေါက်ကလပ်အပိုင် ဂေါက်ကွင်းနှစ်ကွင်းရှိတဲ့အနက် မက်ဂျလစ်ဂေါက်ကွင်း (ပါ-၇၂၊ ၇၃၀၁ ကိုက်)မှာ တိုက်ဂါးဝုဒ်ဟာ ၂၀၀၆ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ်တို့မှာ အောင်ပွဲခံခဲ့ဖူးပါတယ်။ အဲဒီကွင်းမှာ ဒီကနေ့ ကျင်းပတဲ့ European Tour ပြိုင်ပွဲမှာ တိုက်ဂါးဝုဒ်ဟာ လက်ရှိ ကမ္ဘာ့နံပါတ်(၁)လီဝက်စ်ဝုဒ်၊ ကမ္ဘာ့နံပါတ်(၂) မာတင်ခေးမားတို့နဲ့ တစ်အုပ်စုတည်း ကစားရတာဖြစ်ပါတယ်။

ဒါဟာ ၁၇ ကြိမ်မြောက်ဖြစ်တဲ့ နှစ်စဉ် ပုံမှန်ကျင်းပနေကျ European Tour ပြိုင်ပွဲများအတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ထိပ်သီး သုံးယောက်တို့ ရင်ဆိုင်တွေ့ကြရခြင်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဒုတိယ၊ ကျောင်းလုပ်ငန်းပထမ၊ သိပ္ပံဘာသာထူးချွန်၊ မြန်မာစာစွမ်းရည်မြှင့်မားရေး၊ စာစီစာကုံးပြိုင်ပွဲ ပထမနှင့် ဒုတိယ နှစ်ဆုရရှိသော အမက (၁၂) စမ်းချောင်းမှ စတုတ္ထတန်းကျောင်းသူ မခိုင်သဥ္ဇာဟန်အား မြို့နယ်ပညာရေးမှူး ဒေါ်မြမြသန်းဆုချီးမြှင့်စဉ်။

(ပညာရေး)



**ပန်ဆိုင်း (ကြူကုတ်) မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဈေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်ရွှေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ဖေဖော်ဝါရီ ၁၁ ရက် ညနေထိခန့်မှန်းချက်။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

## ကရင်ပြည်နယ် မြဝတီမြို့၌ ပေါက်ကွဲမှုဖြစ်ပွား အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

## တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသအာဏာပိုင်များက ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)ရပ်ကွက်ရှိ Seven Star လက်ဖက်ရည်ဆိုင်၌ ဖေဖော်ဝါရီ ၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် ထွန်းထွန်း အသက်(၃၀)နှင့် မမြမြသန်း (၂၁)နှစ်တို့ သေဆုံးခဲ့ပြီး ခြောက်ဦးထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။

ဒဏ်ရာရရှိသူများအား မြဝတီမြို့နယ် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာ အာဏာပိုင်များကလည်း ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်ရာတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တမံကြီးကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို အဆိုပါမှုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်၊ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် အလှူရှင်ကိုယ်စား ရပ်မိရပ်ဖ ဦးဝင်းဆွေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်စည်ပင်)

## လူမှုရေးအသင်း (ရွှေပေါက်ကံ) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရွှေပေါက်ကံမြို့သစ် အငြိမ်းစားဝန်ထမ်းမိသားစု လူမှုရေးအသင်း၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့သစ် (၁၇)ရပ်ကွက် သီရိစန္ဒာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ ဖုန်း-၀၉၀၄-၃၀၀၉၁၀ နှင့် အတွင်းရေးမှူး ဖုန်း-၇၃၁-၁၀၁၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

ကျော်ရဲမင်း၏

"ပြည်ထောင်စုကြီး ဖြိုခွဲမည့်အကြံ ဒို့လက်မခံ"

ဆောင်းပါး - စာမျက်နှာ ၈၊ ၉

သုန်နဒီ၏

"ပြည်ထောင်စုရဲ့ သင်္ကေတ"

ကာတွန်း - စာမျက်နှာ ၈၊ ၉

ဇော်မင်းမင်းဦး၏

"တက်ညီလက်ညီ ပြည်သစ်တည်"

ကဗျာ - စာမျက်နှာ ၉

### ထူးခြားသည့် ညအပူချိန်များ

၁၀ - ၂ - ၂၀၁၁

| | |
|---|---|
| နမ့်စန် | ၃ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၃ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ ဒီဂရီစင်တီဂရိတ် |

## ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) နံနက် ၇ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော် မြန်မာ့အသံနှင့် MRTV-4 အစီအစဉ်များမှ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာကြေးစား ဂေါက်လောကထိပ်ဆုံးသို့ တစ်ကျော့ပြန် ရောက်လာဦးမည်ဟု ကြွေးကြော်ထားသည့် တိုက်ဂါးဝုဒ်။

**နိုင် ငံ တ ကာ အား က စား သ တင်း**

## ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်ပြန်လာပြီ

ဇင်ထူး

အဆိုးဆုံးအခြေအနေတွေကို ရင်ဆိုင်ခဲ့ရပြီးတဲ့နောက် ၁၅ လကြာ အောင်ပွဲလက်မဲ့ဖြစ်ခဲ့ရတဲ့ အခြေအနေကို အဆုံးသတ်နိုင်ဖို့ လက်တစ်ကမ်းသာလိုတော့ကြောင်း ကမ္ဘာ့ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်က ကြုံးဝါးလိုက်ပါတယ်။

မေဂျာချန်ပီယံ (၁၄) ကြိမ်ရရှိထားခဲ့တဲ့ တိုက်ဂါးဝုဒ်ဟာ ၂၀၀၉ ခုနှစ် နိုဝင်ဘာမှာ ကျင်းပခဲ့တဲ့ ဩစတြေးလျမာစတာပြိုင်ပွဲပြီးကတည်းက ကမ္ဘာ့နံပါတ်(၃) အဆင့်ကို ဆင်းပေးခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❂